ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁၀)ရက် ၊ ကြာသပတေးနေ့ ၊ (19-11-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၂၀၃)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်၏ မူဝါဒများနှင့် နိုင်ငံတော်၏အခြေအနေအရပ်ရပ်တို့နှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်၏မူဝါဒများနှင့် နိုင်ငံတော်၏အခြေအနေအရပ်ရပ်တို့နှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့အစီအစဉ်သို့ တက်ရောက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၀၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၆၅ တို့နှင့်အညီ နိုင်ငံတော်၏မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်တို့နှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့အစီအစဉ်တွင် နိုင်ငံတော်သမ္မတက နိုင်ငံတော်၏ မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်တို့နှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည့်အစီအစဉ်သို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊

စာမျက်နှာ ၁၆ ကော်လံ ၁

ရှမ်းပြည်နယ်တွင် ပြည်တွင်းပြည်ပခရီးသွားများအတွက် အထင်ကရခရီးသွားဆွဲဆောင်ရာခရီးစဉ်ဒေသခြောက်ခု ဖွင့်လှစ်ထားရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

ရှမ်းပြည်နယ်တွင် ပြည်တွင်း၊ပြည်ပခရီးသွားများအတွက် အထင်ကရခရီးသွားဆွဲဆောင်ရာ ခရီးစဉ်ဒေသခြောက်ခုကို ဖွင့်လှစ်ထားရှိကြောင်း ရှမ်းပြည်နယ် ဟိုတယ်၊ခရီးသွားဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၂၁ ကော်လံ ၁

ရှမ်းပြည်နယ်တွင် ပြည်တွင်း၊ ပြည်ပခရီးသွားများဝင်ရောက်ရာ ဟိုက်ပါရေတံခွန်ကို တွေ့ရစဉ်။



ရတနာပုံ ယနေ့ဗတ်စရာ

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

စာမျက်နှာ - ၈

အိပ်စက်မှုအရည်အသွေးနဲ့ ကျန်းမာရေး

ဆောင်းပါး စာမျက်နှာ - ၁၀

ထိုနေ့က အမေလာသည်

ဝတ္ထုတို စာမျက်နှာ - ၂၈

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်” မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ

နေပြည်တော် နိုဝင်ဘာ ၁၈

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း(Severe Cyclonic Storm) “အက်ဗန်”သည် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၄၇၀ ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၁၀ ခန့်နှင့် ချင်းနိုင်မြို့၏ အရှေ့ဘက် ရေမိုင် ၃၀၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်”၏ လက်ရှိအခြေအနေမှာ

စာမျက်နှာ ၂၂ ကော်လံ ၁

ရတနာပုံ
၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၉ ရက်
အယ်ဒီတာ့အာဘော်

စစ်ကိုင်းဒေသတစ်လျှောက် တပ်မတော်စစ်ကြောင်းများ အောင်မြင်မှုကို ဂုဏ်ပြု

တပ်မတော်အနေဖြင့် နယ်မြေဒေသအေးချမ်းသာယာ၍ ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များအပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင်လည်း နိုင်ငံတော်အစိုးရ၊ ဒေသခံပြည်သူလူထုတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင်လည်း အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးပြီး အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အဓိက အရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းများကို ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် တပ်မတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အင်းတော်- ဝန်းသို့- ကောလင်းလမ်းပိုင်းပေါ်ရှိ တပ်မတော်စစ်ကြောင်းသည် အောက်တိုဘာ ၂၀ ရက်မှ ၂၁ ရက်ထိ ကျေးရွာသုံးရွာကိုလည်းကောင်း၊ အလားတူ အင်းတော်- မအူကုန်း- ကျောက်တန်းလမ်းပိုင်းရှိ တပ်မတော်စစ်ကြောင်းသည် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ ကျေးရွာလေးရွာနှင့် တောင်ကုန်းနှစ်ခုကိုလည်းကောင်း၊ ဆက်လက်၍ အင်းတော်- ဝန်းသို့- ကောလင်းလမ်းကြောင်းပေါ်ရှိ တပ်မတော်စစ်ကြောင်းနှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက်မှ ၇ ရက်ထိ ကျေးရွာငါးရွာကိုလည်းကောင်း အဆင့်ဆင့်အောင်မြင်စွာ ချီတက်ရှင်းလင်းသိမ်းပိုက်နိုင်ခဲ့ပြီး နိုဝင်ဘာ ၈ ရက် ညနေပိုင်းတွင် ဝန်းသို့မြို့သို့ အောင်မြင်စွာရောက်ရှိခဲ့သည်။

ထို့နောက် ဝန်းသို့- ကောလင်း- ကျွန်းလှ- ကန့်ဘလူလမ်းကြောင်းနှင့် ကျောက်တန်း- စပွာယ်နံသာလမ်းကြောင်းတို့ကို ယာယီထိန်းချုပ်ပြီး အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများကို တပ်မတော်စစ်ကြောင်းများက ရှင်းလင်းတိုက်ခိုက်ချေမှုန်းနိုင်ရေးအတွက် ဝန်းသို့မြို့နှင့် ကျောက်တန်းကျေးရွာတို့၌ စနစ်တကျ ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ခဲ့ပြီး စစ်ကြောင်းများခွဲ၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဆက်လက်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၁ ရက်တွင် ကောလင်းမြို့ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၂ ရက်မှ ၁၅ ရက်ထိ ကျေးရွာခြောက်ရွာကိုလည်းကောင်း အဆင့်ဆင့်ရှင်းလင်းတိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီးဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အဆိုပါလမ်းကြောင်းများနှင့် ကျေးရွာများကို ပြန်လည်သိမ်းပိုက်ရရှိရေး ရွှဲရွှဲလွှဲ၍ တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး၊ ငယ် ထိတွေ့မှု စုစုပေါင်း ၂၉ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၃ လောင်း၊ လက်နက်မျိုးစုံ ၁၁ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ၊ ပစ်ကျင်းများ၊ ဘန်ကာများ၊ လူနေတဲများ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ သောင်းကျန်းသူများ၏ ပြောက်ကျားဝတ်စုံများ၊ ကျည်ကာအင်္ကျီ ယာယီဆေးကုသသည့်နေရာနှင့် ဆေးပစ္စည်းများ၊ အခြားအသုံးအဆောင်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

သို့ဖြစ်ပါ၍ ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများ အဆင်ပြေကာ ကုန်စည်စီးဆင်းမှုများ ပုံမှန်အတိုင်း ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အဓိကအရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် အင်းတော်- ဝန်းသို့- ကောလင်း- ကျွန်းလှ- ကန့်ဘလူလမ်းကြောင်းနှင့် အင်းတော်- ကျောက်တန်း- စပွာယ်နံသာလမ်းကြောင်းများ ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိပါသော တပ်မတော်သားတို့၏ ပြည်သူအတွက် ကြိုးပမ်းဆောင်ရွက်ချက်များကို လေးစားမိပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၃၁၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



စစ်ကိုင်း နိုဝင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပြောင်း ၃၁၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၃၅၈၅ ဧကနှင့် ဖူးစားပြောင်း ၁၉၃၂၇ ဧကစုစုပေါင်း ၂၂၉၁၂ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၂၃၅၂ ဧက၊ ဖူးစားပြောင်း ၂၉၅၂ ဧက စုစုပေါင်း ၃၁၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပြောင်း ၂၂၉၁၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၁၈၉ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းတွေအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့် တွေစိုက်ပျိုးဖို့ အသိပညာပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးစည်ဖောင်းပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ဗျာပုံ နိုဝင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဗျာပုံခရိုင် ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးစည်ဖောင်းပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဗျာပုံမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြ၍ သိရသည်။

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ငါးစည်ဖောင်းပိသာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးစည်ဖောင်းပိသာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"အရောင်းအဝယ်ကောင်းနေတဲ့ ငါးစည်ဖောင်းတွေက ငါးရွှေ၊ နတ်ကတော်ငါး၊ ငါးရောင်၊ ငါးပုတ်သင် စတဲ့ငါးတွေကို ဝမ်းဗိုက်ခွဲပြီး အတွင်းကရရှိတဲ့ ငါးစည်ဖောင်းတွေဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ ငါးစည်ဖောင်းတွေကို စားသောက်ဆိုင်တွေနဲ့ ဟိုတယ်တွေမှာ စားသုံးမှုများတာကြောင့် ဝယ်ယူမှု အားကောင်းလာတာဖြစ်ပါတယ်" ဟု ဗျာပုံမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

ဗျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးစည်ဖောင်း ဈေးနှုန်းမှာ ငါးရွှေ ငါးစည်ဖောင်း တစ်ပိသာလျှင် ဒွေကျပ် ၇၆၀၀၀၊ နတ်ကတော် ငါးစည်ဖောင်း တစ်ပိသာလျှင် ဒွေကျပ် ၆၅၀၀၀၊ ငါးရောင်ငါးစည်ဖောင်း တစ်ပိသာလျှင် ဒွေကျပ် ၄၀၀၀၀ မှ ၅၅၀၀၀၊ ငါးပုတ်သင် ငါးစည်ဖောင်း တစ်ပိသာလျှင် ဒွေကျပ် ၇၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ရမည်းသင်းမြို့နယ် တိန်ညက်ကုန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ရမည်းသင်း နိုဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိမ်ညက်ကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက တိန်ညက်ကုန်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅၃ ဦးကို ငွေကျပ် ၅၁ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် နှစ်သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုံးသန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် သုည ဒသမ ၆ သန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၁၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၈၉ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၇၂ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၈၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

ပျော်ဘွယ်မြို့နယ် ချင်းယားကုန်းကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပျော်ဘွယ် နိုဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချင်းယားကုန်းကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF)ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) လုပ်ငန်းအဖွဲ့ဝင်များက ချင်းယားကုန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းလုပ်ကိုင်မည့် အစုအဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင် ၃၄ ဦးကို ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ မြို့သစ်နေဦးယုတင်-ဒေါ်နန်းသီတာဝင်း၊ ဦးယုသွင်-ဒေါ်သီတာသိန်းနှင့် မောင်နှမတစ်စုတို့က ဦးအုန်းမောင်-ဒေါ်ကြင်ငွေတို့အားရည်စူး၍ တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ကိုးသိန်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ငါးသိန်း စုစုပေါင်းငွေကျပ် ၁၄ သိန်းလှူဒါန်းရာ ဇီဝတဒါနသံဃာ့ဆေးရုံကြီး၏ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ဆားလင်းကြီး နိုဝင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆားလင်းကြီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို စက်တင်ဘာလ တတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၀ ဒသမ ၀၆ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဆားလင်းကြီးမြို့နယ်မှာ နေကြာ ၁၂၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြသည်။

ဆားလင်းကြီးမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားပြီး ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူသို့ ဖလှယ်သည့် နည်းစနစ်ဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဝေလင်းထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

အုတ်ဖိုမြို့နယ် စိန်ချောင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

အုတ်ဖို နိုဝင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိန်ချောင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ အုတ်ဖို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်းများက စိန်ချောင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက အဆိုပါ ကွန်ကရစ်ဘီးလမ်းကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည်ပေ ၅၅၀၊ အကျယ် နှစ်ပေ ခြောက်လက်မ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **အေးမြတ်**

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ပပလင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးများတင်ပို့ရောင်းချလျက်ရှိရာ စက်တင်ဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဧည့်မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဧည့်မထဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အောက်တိုဘာလအတွင်းမှာကော လတ်တလောမှာပါ ဧည့်မထဆန်က အရောင်းအဝယ်ဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့အဓိကထားတင်ပို့ရောင်းချနေပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ပပလင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဧည့်မထဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဧည့်မထဆန်များ တင်ပို့ရောင်းချအားကောင်းလာသည့်အတွက် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



အမရပူရမြို့တည်နန်းတည်စာတမ်းများ

ပိုလ်ရှိတ်(ရတနာပူရ)

ယခင်တစ်ပတ်မှအဆက်

၃။ အမရပူရမြို့တည်စာတမ်း

ဤမြို့တည်စာတမ်းကို ပထမဆုံးလေ့လာရသည်မှာ ဆရာကြီး ဦးထွန်းရီ(ရှေးဟောင်းသုတေသီ)ကူးယူထားသော လက်နှိပ်စက်မူဖြစ်သည်။ နောက်မူကွဲအဖြစ် ပေကူးလက်ရေးမူတစ်စောင်ကို ဆရာကြီး ဝင်းမောင်(တမွဝတီ)ထံမှ ရရှိခဲ့သည်။ ဆရာကြီး ဦးဝင်းမောင်ထံမှ ရရှိခဲ့သော လက်ရေးမူသည် စာ၊၊အစဋ္ဌေအဆုံး ၁၁ ကြောင်းရေးပေမှ ကူးယူထားသော လက်ရေးမူဖြစ်သည်။ ဆရာကြီး ဦးထွန်းရီ၏ လက်နှိပ်စက်မူတွင် မြို့တည်နန်းတည်စာတမ်းနှစ်စောင်ဖြစ်သည်။ ပထမမြို့တည်နန်းတည်စာတမ်းတစ်စောင်အဆုံးတွင် "နောက်တနည်းတွေ့၍ ရေးကူးလိုက်သည်"ဟု ခေါင်းစဉ်ငယ်ကလေးဖြင့် မြို့တည်စာတမ်းအကျဉ်းတစ်စောင်ပါသည်။ ဤမြို့တည်စာတမ်းကို ဆရာကြီး ဦးထွန်းရီသည် လက်နှိပ်စက်မူမှ ပုံနှိပ်မူအဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ထုတ်ဝေခဲ့သော "ပြည်သူ့ကြေးမုံ၊ နန်းမှရိပ်မြို့ဖြည့်စွက်ကျမ်း"တွင် အမရပူရမြို့တည်နန်းတည်နှစ်စောင်ပါရှိသည်။

အမရပူရမြို့တည်နန်းတည်စာတမ်းသည် "ဘဒ္ဒကပ်မည်သော ဤကမ္ဘာထက်မဟာသမတမင်းတဆယ့်ခြောက်ဆက်မြောက်တွင်"ဟူသော စကားဖြင့် အစချီထားသည်။ အဆုံးတွင် ကြွနန်းတိုင်သုံးရပ်စိုက်ထူသောအခန်းတွင် အဆုံးသတ်ထားသည်။ ကျမ်းပြုသူအမည်လည်း မတွေ့ရသကဲ့သို့ ကျမ်းပြီးနှစ်လည်း မတွေ့ရပါ။ ဤမြို့တည်နန်းတည်စာတမ်းသည် ရှည်လျားး၍ ပြည့်စုံသော စာတမ်းတစ်စောင်ဖြစ်သည်။ ဤမြို့တည်စာတမ်းတွင် အမရပူရမြို့နန်းတည်ရန်အတွက် ပညာရှိတို့လျှောက်တင်ချက်များ၊ မြို့နန်းတည်ဆောက်သည့် အစီအရင်များ စသည်ဖြင့် ပြည့်စုံစွာဖော်ပြထားသည်။ ဤမြို့တည်နန်းတည်စာတမ်းတွင် ပါဝင်သော အစီအရင်တချို့ကို ထုတ်ဖော်ပြပါဦးမည်။

၁။ ပိဋ္ဌကတ်တိုက်စိုး ရမ္မသီရိကျော်ထင်လျောက်တင်ချက်
၂။ ဒေဝရာဇလျောက်တင်ချက်
၃။ ရွှေမြို့တော်ကြီးတည်ရန် မြေနေရာကြည့်ခြင်း
၄။ ရွှေမြို့တော်ကြီးတည်ရန် မြေနေရာ ရှင်းလင်းခြင်း
၅။ ရွှေမြို့တော်ကြီးတည်ရန် အုတ်စ၍လုပ်ခြင်း
၆။ မြေမှတ်ပန်းသုံးစိုက်မှတ်ခြင်း
၇။ အင်းတော်ရေးရန် မင်တော်ချက်ခြင်း
၈။ ကြေးပြားခတ်လုပ်ခြင်း
၉။ ရွှေနန်းတော်၊ နန်းမြို့တော်၊ ရွှေမြို့တော်ကြီး ပန္နက်စိုက်မှတ်ခြင်း

စသည့်အခန်းများပါရှိသည်။ ဘိုးတော်ဗဒုံမင်း၏ အမရပူရမြို့တည်အခမ်းအနားအကြောင်းကို ပြည့်စုံစွာ မှတ်တမ်းတင်ထားသော မြို့တည်နန်းတည်မှတ်တမ်းတစ်စောင်ဖြစ်သည်။

၄။ အမရပူရမြို့တည်စာတမ်း

ဤအမရပူရမြို့တည်စာတမ်းသည် ဆရာကြီး ဦးထွန်းရီ(ရှေးဟောင်းသုတေသီ)၏ စာအုပ်မူတွင် ပါရှိသောမြို့တည်စာတမ်းဖြစ်သည်။ ဆရာကြီး ဦးထွန်းရီ(ရှေးဟောင်းသုတေသီ)၏ စာအုပ်တွင် "နောက်တနည်းတွေ့၍ ရေးကူးလိုက်သည်"ဟူ၍သာ ဖော်ပြထားပြီး ကျမ်းပြုဆရာ အမည်ကို ဖော်ပြထားခြင်းမရှိပါ။ ဤမြို့တည်စာတမ်းသည် "ဘုန်းပညာကြီးမြတ်တော်မူလှသော မင်းဧကရာဇ်ဖြစ်တော်မူ၍" ဟူသောစကားဖြင့် အစချီထားသည်။ မြို့တည်စာတမ်းမှာ ကျဉ်းကျဉ်းလေးမျှသာဖြစ်သည်။ အဆုံးတွင် ဘိုးတော်ဗဒုံမင်းသည် အမရပူရမြို့ အနောက်မျက်နှာစက်ရှင်တံခါးအပြင်တွင်ရှိသော တဲနန်းတော်သို့ တက်သိမ်းစံပယ်သည့်အကြောင်းတွင် အဆုံးသတ်ထားပါသည်။

စာရေးသူသည် ဤမြို့တည်စာတမ်းကို ဖတ်ရှုနေရင်း မြို့တည်စာတမ်းတွင် ပါရှိသော စာသားများကို တစ်နေရာရာတွင် ဖတ်ဖူးသလိုခံစားနေရပါသည်။ သို့နှင့် မည်သည့်ကျမ်းတွင် ဖတ်ဖူးကြောင်းကို ပြန်လည်စဉ်းစားရသည်။ နောက်ဆုံးတွင် သတိရလာသည်မှာ လက်ဝဲနော်ရထာအမတ်ကြီး ပြုစုသော "ဆင်ဖြူသျှင်မင်းတရားကြီးဘုရား အရေးတော်ပုံကျမ်း"ကို ပြန်၍ကြည့်မိသည်။ ထင်သည့်အတိုင်းပင် လက်ဝဲနော်ရထာအမတ်ကြီး၏ ဆင်ဖြူများသျှင်မင်းတရားကြီးဘုရား အရေးတော်ပုံကျမ်းမှ စာသားများနှင့် တစ်ထပ်တည်းဖြစ်နေသည်။ သို့ဖြစ်သောကြောင့် ဆရာကြီး ဦးထွန်းရီ(ရှေးဟောင်းသုတေသီ)၏ "နောက်တစ်နည်းတွေ့၍ ရေးကူးလိုက်သည်" ဆိုသော အမရပူရမြို့တည်စာတမ်းသည် လက်ဝဲနော်ရထာအမတ်ကြီး ပြုစုသော ဆင်ဖြူသျှင်မင်းတရားကြီးဘုရားအရေးတော်ပုံကျမ်းမှ ဘိုးတော်ဗဒုံမင်း၏ အမရပူရမြို့တည်ခန်းကို ထုတ်နုတ်ထားချက်သာဖြစ်သည်။ ရှေးက အမရပူရမြို့တည်နန်းတည်အခမ်းအနားကို လေ့လာလိုသူတစ်ဦးဦးက သူလေ့လာလိုသည့် ဆင်ဖြူသျှင်မင်းတရားကြီးဘုရား အရေးတော်ပုံကျမ်းမှ အမရပူရမြို့တည်ခန်းကို ထုတ်နုတ်ကူးထားခြင်းသာ ဖြစ်နိုင်ပါသည်။ ယခုအခါတွင် ဆင်ဖြူသျှင်မင်းတရားကြီးအရေးတော်ပုံကျမ်းသည် ပုံနှိပ်မူအဖြစ် ထွက်ရှိနေပြီဖြစ်သောကြောင့် အလွယ်တကူဝယ်ယူလေ့လာ၍ ရနေပြီဖြစ်သည်။ အမှတ် (၄) အမရပူရမြို့တည်စာတမ်းနှင့် ဆင်ဖြူသျှင်မင်းတရားကြီးဘုရား အရေးတော်ပုံကျမ်းတို့သည် မူကွဲတစ်ခုအနေဖြင့် တိုက်ဆိုင်လေ့လာရန် များစွာတန်ဖိုးရှိသည်။ ယခု အမှတ် (၄) အမရပူရမြို့တည်စာတမ်းနှင့် ဆင်ဖြူသျှင်မင်းတရားကြီးဘုရား အရေးတော်ပုံကျမ်းကို နှိုင်းယှဉ်လေ့လာကြည့်ရာတွင် တစ်ကျမ်းတွင်ကျနေသည့် စာသားများကို တစ်ကျမ်းတွင် ပြည့်စုံစွာတွေ့ရသည်။ အမှတ် (၄) အမရပူရမြို့တည်စာတမ်း၌ မပါသည့် စာသားတချို့ကို ဆင်ဖြူသျှင်မင်းတရားကြီးအရေးတော်ပုံကျမ်း၌ ပြည့်စုံစွာတွေ့ရသလို ဆင်ဖြူသျှင်မင်းတရားကြီးဘုရား အရေးတော်ပုံကျမ်း၌ မပါသည့်စာသားတချို့ကိုလည်း အမှတ် (၄) အမရပူရမြို့တည်စာတမ်း၌ တွေ့ရသည်။

❖ မြို့တည်နန်းတည်စာတမ်း ပထမတွဲနှင့် ဒုတိယတွဲသည် ဘိုးတော်ဗဒုံမင်း၏ အမရပူရမြို့တည်နန်းတည် အခမ်းအနားကို အပြည့်စုံဆုံး မှတ်တမ်းတင်ထားသော မြို့တည်စာတမ်းနှစ်စောင်ဖြစ်သည်။ ဤမြို့တည်နန်းတည်စာတမ်းနှစ်စောင်ကို လေ့လာထားရုံဖြင့် ဘိုးတော်ဗဒုံမင်းတည်ခဲ့သော မြို့တော်၊ နန်းတော်၊ စည်းခုံတော်၊ ပိဋ္ဌကတ်တိုက်တော်၊ ကန်တော်၊ ကျုံးတော်၊ ကျောင်းတော်၊ စွယ်တော်စင်၊ ပဟိုရ်စင်၊ သူရဲခိုး စသည့်အဆောက်အအုံများ၏ တည်ဆောက်ပုံစနစ်၊ အတိုင်းအတာများ၊ ဆောက်လုပ်ခဲ့သည့် နေ့ရက်များကို အတိအကျသိနိုင်သည်။ ❖

ဤအမရပူရမြို့တည်စာတမ်းသည် ဘိုးတော်ဗဒုံမင်း၏ အမရပူရမြို့တည်နန်းတည်အခမ်းအနားကို အသေးစိတ်ဆုံး မှတ်တမ်းတင်ထားသော မြို့တည်စာတမ်းဖြစ်သည်။

အမှတ် (၅) မြို့တည်စာတမ်းကို လက်ရေးမူဖြင့် ကူးယူစုဆောင်းရရှိခဲ့သည်။ ကျမ်းပြုသူအမည်မပါပေ။ ကျမ်းပြီးနှစ်လည်း မသိရပေ။ ကျမ်းအမည်ကို "၁၁၄၄ ခု အမရပူရရွှေမြို့တော်ကြီးတည်စာတမ်း" ဟူ၍ တွေ့ရသည်။ ဘိုးတော်ဗဒုံမင်း အမရပူရမြို့တည်သည့်အကြောင်းကို ရေးသားပြုစုထားသော ကျမ်းဖြစ်ကြောင်း သိရသည်။ ဤစာတမ်းတွင် ရွှေမြို့တော်ကြီး ပရိတ်တော်ရွတ်အစီအရင်၊ မြို့တည်နန်းတည်ခုနစ်ဌာန ပန္နက်စိုက်မှတ်သည့် အစီရင် စသည့် အစီအရင် ပြုလုပ်ပုံများကို စာရင်းဇယားနှင့် ပြုစုထားသည်။ စာရင်းဇယားဖြင့် ပြုစုထားသောကြောင့် အခြားသော မြို့တည်နန်းတည်စာတမ်းများကို လေ့လာရာတွင် များစွာအထောက်အကူပြုစေသည်။ ဤမြို့တည် စာတမ်းကို အခြားသော အမှတ် (၃)၊ အမှတ် (၆)၊ အမှတ် (၇) မြို့တည်စာတမ်းများနှင့် ယှဉ်တွဲလေ့လာသင့်သည်။ ဤမြို့တည်နန်းတည်စာတမ်းသည် ပုံနှိပ်မူအဖြစ် မထွက်ရှိသေးဘဲ လက်ရေးမူဖြင့် တိမ်မြုပ်နေသော မြို့တည်စာတမ်းဖြစ်သည်။

၆။ အမရပူရရွှေမြို့တော်တည်စာတမ်း

ဤအမရပူရ ရွှေမြို့တော်တည်စာတမ်းသည် စာရေးသူရှာဖွေတွေ့ရှိထားသော ပေမူမှကူးယူထားသော မြို့တည်စာတမ်းဖြစ်သည်။ ပေမှာ ၁၀ ကြောင်းရေး ရွှေပိန်းပေဖြစ်ပြီး ဃော်အစ ဆားအဆုံး ၃ အင်္ဂါနှင့် လေးချပ်ရှိသည်။ ပေမှာ လက်ရေးလက်သားကောင်းမွန်သည်။ သေသပ်သည်။ ဤပေမှာ ရတနာပုံခေတ် သီပေါမင်းလက်ထက်၌ ပြန်လည်ကူးယူထားသော ပေမူဖြစ်သည်။ ကျမ်းပြီးနှစ်ဂုံး၌ "သက္ကရာဇ် ၁၂၄၁ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက် ၃ ဂါ နေ့တွင် မင်းကြီးသီရိမဟာကျော်ထင်ရာဇာ ကြီးကြပ်ရေးသားသည့် အမရပူရရွှေမြို့တော်တည် စာတမ်းပထမတွဲကို နေ့ ၂ ချက်တီးချိန်တွင် ရေးကူး၍ ပြီးအောင်မြင်သည်"ဟူ၍ ဖော်ပြထားသည်။ ထို့ကြောင့် ဤပေမူသည် သည့်အကြောင်းကို ရေးသားပြုစုထားသော ကျမ်းဖြစ်ကြောင်း သိရသည်။ ဤစာတမ်းတွင် ရွှေမြို့တော်ကြီး ပရိတ်တော်ရွတ်အစီအရင်၊ မြို့တည်နန်းတည်ခုနစ်ဌာန ပန္နက်စိုက်မှတ်သည့် အစီရင် စသည့် အစီအရင် ပြုလုပ်ပုံများကို စာရင်းဇယားနှင့် ပြုစုထားသည်။ စာရင်းဇယားဖြင့် ပြုစုထားသောကြောင့် အခြားသော မြို့တည်နန်းတည်စာတမ်းများကို လေ့လာရာတွင် များစွာအထောက်အကူပြုစေသည်။ ဤမြို့တည် စာတမ်းကို အခြားသော အမှတ် (၃)၊ အမှတ် (၆)၊ အမှတ် (၇) မြို့တည်စာတမ်းများနှင့် ယှဉ်တွဲလေ့လာသင့်သည်။ ဤမြို့တည်နန်းတည်စာတမ်းသည် ပုံနှိပ်မူအဖြစ် မထွက်ရှိသေးဘဲ လက်ရေးမူဖြင့် တိမ်မြုပ်နေသော မြို့တည်စာတမ်းဖြစ်သည်။

၆။ အမရပူရရွှေမြို့တော်တည်စာတမ်း

ဤအမရပူရ ရွှေမြို့တော်တည်စာတမ်းသည် စာရေးသူရှာဖွေတွေ့ရှိထားသော ပေမူမှကူးယူထားသော မြို့တည်စာတမ်းဖြစ်သည်။ ပေမှာ ၁၀ ကြောင်းရေး ရွှေပိန်းပေဖြစ်ပြီး ဃော်အစ ဆားအဆုံး ၃ အင်္ဂါနှင့် လေးချပ်ရှိသည်။ ပေမှာ လက်ရေးလက်သားကောင်းမွန်သည်။ သေသပ်သည်။ ဤပေမှာ ရတနာပုံခေတ် သီပေါမင်းလက်ထက်၌ ပြန်လည်ကူးယူထားသော ပေမူဖြစ်သည်။ ကျမ်းပြီးနှစ်ဂုံး၌ "သက္ကရာဇ် ၁၂၄၁ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက် ၃ ဂါ နေ့တွင် မင်းကြီးသီရိမဟာကျော်ထင်ရာဇာ ကြီးကြပ်ရေးသားသည့် အမရပူရရွှေမြို့တော်တည် စာတမ်းပထမတွဲကို နေ့ ၂ ချက်တီးချိန်တွင် ရေးကူး၍ ပြီးအောင်မြင်သည်"ဟူ၍ ဖော်ပြထားသည်။ ထို့ကြောင့် ဤပေမူသည်လည်း ပထမတွဲကဲ့သို့ပင် သီပေါမင်းလက်ထက် ရေးကူးခဲ့သော ပေမူဖြစ်ကြောင်းသိရသည်။ ကြီးကြပ်ရေးသားသူမှာလည်း မင်းကြီးသီရိမဟာကျော်ထင်ရာဇာဖြစ်သည်။

တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင်ရှိသော

စာမျက်နှာ ၅ သို့ á

လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုးသွပ်ခြင်း ရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၉၀၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



တန့်ဆည် နိုဝင်ဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၉၀၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၀၀၉ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ မတ်ပဲ ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲတွေ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး အတွက် ဆောင်ရွက်ပေးနေတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက် ပေးခဲ့ပါတယ်"ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

ဒုတိယတွဲမူကွဲမှာ ၁၂၉ ခုနှစ် ဝါခေါင်လပြည့်ကျော် တစ်ရက်နေ့တွင် ရေးကူးပြီးသော ပေမူဖြစ်သည်။ထို့ကြောင့် တက္ကသိုလ်များဗဟိုစာကြည့်တိုက်ရှိ ပေကူးမူက စာရေးသူရှာဖွေတွေ့ရှိထားသောမူထက် ပေကူးနှစ် ၁၂ နှစ်ခန့်စောသည်။

အမရပူရမြို့တည်စာတမ်းဒုတိယတွဲသည် ပထမတွဲထက်ပို၍ ရှည်လျားသည်။ အမရပူရမြို့တည်စာတမ်း ဒုတိယတွဲတွင်ပါရှိသော မြို့တည်အခမ်းအနား အစီရင်တချို့ကို ထုတ်ပြပါဦးမည်။

၁။ ရွှေနန်းတော်ကြီး မြေစနစ်တွင်ညှိသောအစီအရင်

၂။ ရွှေနန်းတော်ကြီးတည်မည့် ရွှေပန္နက်ငွေ ပန္နက်စိုက်မှတ်သော အစီအရင်

၃။ ရွှေနန်းတော်ကြီး သစ်တော်ဆေးရုံ ရေခပ်သောအစီအရင်

၄။ ရွှေနန်းတော်အဆောင်ဆောင် သစ်တော်လှပြင်သည့် အစီအရင်

၅။ ငြမ်းလုပ်ဆောင်သည့် အစီအရင်

၆။ ၃၃ ပါးသော တိက္ခဗလနတ်တို့ကို ပူဇော်ရန်အစီအရင်

၇။ ရွှေနန်းတော် စရွေးရွေသော အစီအရင်

၈။ ရွှေနန်းပြာသာဒ်တော် ထီးလုပ်စေသည့် အစီအရင်

၉။ ရွှေနန်းတော် ရက်မထွင်းသည့် အစီအရင်

၁၀။ ရွှေနန်းတော်အပြောက်အမွမ်းတင်သော အစီအရင်

၁၁။ ရွှေနန်းတော်ကြီး သစ်စေးဟသ်ပဒါး၊ ရွှေမွမ်းမံသောအစီအရင်

စသည်ဖြင့်ပါရှိသည်။ မြို့တည်စာတမ်းဒုတိယတွဲတွင် ရွှေနန်းတော်ကြီးတည်ဆောက်သည့်အကြောင်းကို အသေးစိတ်အတိုင်းအတာများဖြင့် ဖော်ပြထားသည်။ ထို့ပြင် ၃၃ ပါးသော တိက္ခဗလနတ်ပူဇော်သည့် အစီအရင်ကိုလည်း အသေးစိတ် သေချာကျနစွာပြဆိုထားသည်။

အထက်တွင် ဖော်ပြခဲ့သော မြို့တည်နန်းတည်စာတမ်းခုနစ်စောင်တွင် အမှတ် (၆) နှင့် အမှတ် (၇) မြို့တည်နန်းတည်စာတမ်းသည် အဓိကကျသော မြို့တည်စာတမ်းများဖြစ်သည်။ မြို့တည်နန်းတည်စာတမ်း ပထမတွဲနှင့် ဒုတိယတွဲသည် ဘိုးတော်ဗဒုံမင်း၏ အမရပူရမြို့တည်နန်းတည်အခမ်းအနားကို အပြည့်စုံဆုံး မှတ်တမ်းတင်ထားသော မြို့တည်စာတမ်းနှစ်စောင်ဖြစ်သည်။ ဤမြို့တည်နန်းတည်စာတမ်းနှစ်စောင်ကို လေ့လာထားရုံဖြင့် ဘိုးတော်ဗဒုံမင်းတည်ခဲ့သော မြို့တော်၊ နန်းတော်၊ စည်းခုံတော်၊ ဝိဋ္ဌကတ်တိုက်တော်၊ ကန်တော်၊ ကျုံးတော်၊ ကျောင်းတော်၊ စွယ်တော်စင်၊ ပဟိုရ်စင်၊ သူရဲခိုစသည့်အဆောက်အအုံများ၏ တည်ဆောက်ပုံစနစ်၊ အတိုင်းအတာများ၊ ဆောက်လုပ်ခဲ့သည့် နေ့ရက်များကို အတိအကျသိနိုင်သည်။

မြို့တည်နန်းတည်စာတမ်းခုနစ်စောင်တွင် ဘကြီးတော်စစ်ကိုင်းမင်း နန်းဖွင့်မော်ကွန်းမှလွဲ၍ ကျန်ခြောက်စောင်စလုံးသည် ဘိုးတော်ဗဒုံမင်း၏ အမရပူရမြို့တည်နန်းတည် အခမ်းအနားများကို ဖော်ပြထားသော မှတ်တမ်းများချည်းသာဖြစ်သည်။ အမရပူရမြို့ကို ဘိုးတော်ဗဒုံမင်းနှင့် မြေးတော်သာယာဝတီမင်းတို့က နှစ်ကြိမ်နှစ်ခါပြန်၍ တည်ခဲ့သည်။ ယခုမြို့တည်နန်းတည်စာတမ်းများတွင် ဘိုးတော်ဗဒုံမင်း ပထမဆုံးတည်ထားခဲ့သည့် မြို့တည်နန်းတည်အခမ်းအနားနှင့်ဆိုင်သော မှတ်တမ်းများသာဖြစ်သည်။ ဒုတိယအကြိမ် သာယာဝတီမင်း ပြန်လည်တည်ခဲ့သည့်အကြောင်း ရေးမှတ်ထားသည့် မြို့တည်နန်းတည်စာတမ်းများ မတွေ့ရသေးပေ။ သာယာဝတီမင်း၏ အမရပူရမြို့နန်းတည်စာတမ်းလည်း ရှိခဲ့သည်မှာ သေချာသည်။ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးပျောက်ဆုံးခဲ့၍သာ ရှာဖွေမတွေ့ရခြင်းဖြစ်သည်။ သာယာဝတီမင်း၏ အမရပူရမြို့တည်နန်းတည်စာတမ်းများကို သမိုင်းသုတေသီများအနေဖြင့် ဆက်လက်ရှာဖွေဖော်ထုတ်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ကထိန်သင်္ကန်း လှူဒါန်းပျော်ပျော်

- ပြည်မြန်မာ လွန်စွာဖြိုး
ကုသိုလ်တိုးတဲ့ သည်ချိန်ခါ၊
သူ့ထက်ငါ အပြိုင်နဲ့
ဘုံကထိန်ပွဲမှာ၊
ပုဗ္ဗမုဉ္စ အပရစေတနာ
သုံးတန်ဖြာ ရင်မှာငြိ၊
လတန်ဆောင် ကြဲလာခိုက်မို့
နှစ်ခြိုက်ဖွယ်အတိ။

- တစ်နှစ်မှာ သည်တစ်လ
ထူးခြားစွ ကထိန်သဘင်၊
တစ်လမှာ တစ်ရက်ထဲ
လှူကြမြဲပင်၊
နိုင်ငံအနှံ့ စုံစုံလင်
ပဒေသာပင် ကုသိုလ်ပွဲ၊
တေးသံသာ ငြိမ့်ငြိမ့်ညောင်းနှင့်
ပေါင်းစုဆင်နွဲ့။


- မြန်မာတွေ စိတ်ထားတတ်
မြတ်လှသည့် အလှူတော်၊
သံဃာတော် ရည်မျှော်မှန်း
လှူဒါန်းလို့နော်၊
နိဗ္ဗာန်သို့ အကျိုးမျှော်
သဒ္ဓါပေါ် သဒ္ဓါဆင့်၊
ကောင်းကျိုးဖော် မြတ်စိတ်ထားနဲ့
များစွာဂုဏ်တင့်။

- လှူကထိန် မြတ်သင်္ကန်းနှင့်
မင်္ဂလမ်းသို့ ရည်မျှော်ကာ၊
ရာသီမှာ သာယာလှ
အေးမြပေတာ၊
စန်းယှဉ်နက္ခတ် ကြတ္တိကာ
ရာသီမှာ ဗြိစ္ဆာမို့၊
ခဝဲတွေ လှိုင်လှိုင်ပွင့်တယ်
ထူးတင့်သည်သို့။

- သူတော်စင် သူတော်ကောင်းတို့
စုပေါင်းလို့ ကုသိုလ်ယူ၊
ကြည်နူးဖွယ် ရာသီပွဲမို့
ထူးကဲတစ်မူ၊
မရှိလို့ မလှူ
မလှူလို့ မရှိရေး၊
ပျော်ရွှင်စွာ ကုသိုလ်မှုကို
ပြုကြတယ်လေး။ ။

အာကာမောင်မောင်

ကိုရီးယားကျွန်းဆွယ် တင်းမာမှုလျှော့ချရေး ကြိုးပမ်းမှု တရုတ်နိုင်ငံကထောက်ခံကြောင်း တောင်ကိုရီးယားပြောကြား



ဆိုးလ် နိုဝင်ဘာ ၁၈

အမေရိကန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့ကြား ဆွေးနွေးမှုအပါအဝင် ကိုရီးယားကျွန်းဆွယ် တင်းမာမှုလျှော့ချရေး ကြိုးပမ်းမှုများကို တရုတ်နိုင်ငံက ထောက်ခံကြောင်း တောင်ကိုရီးယား သမ္မတရုံးက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

တရုတ်နိုင်ငံ ရှန်ကျန်းမြို့၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တောင်ကိုရီးယားသမ္မတ လီဂျေမြောင်တို့ တွေ့ဆုံဆွေးနွေးပြီးနောက် တောင်ကိုရီးယားသမ္မတရုံး၏ အဆိုပါ သတင်းထုတ်ပြန်ချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

တောင်ကိုရီးယား သမ္မတ လီဂျေမြောင်သည် ၂၀၂၆ ခုနှစ် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးညီလာခံ တက်ရောက်ရန် ရှန်ကျန်းမြို့သို့ ရောက်ရှိနေချိန်တွင် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

ကိုရီးယားကျွန်းဆွယ် တင်းမာမှုကိစ္စသည် တောင်ကိုရီးယားနိုင်ငံ၏အရေးကြီးသော အမျိုးသားအကျိုးစီပွားကိစ္စ ဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးစဉ် တောင်ကိုရီးယားသမ္မတ လီဂျေမြောင်က ပြောကြားခဲ့သည်။

ထို့ပြင် တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့ကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ခိုင်မာလာစေရေးအတွက် ကိုရီးယားကျွန်းဆွယ်ဒေသ ငြိမ်းချမ်းပြီးတည်ငြိမ်ရန် လိုအပ်သည်ဟု တောင်ကိုရီးယား သမ္မတက သုံးသပ် ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ကွာဒ်အုပ်စုဝင်ခေါင်းဆောင်များနှင့် မနီလာမြို့၌ တွေ့ဆုံဆွေးနွေး



မနီလာ နိုဝင်ဘာ ၁၈

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် နိုဝင်ဘာ ၁၇ ရက်တွင် မဟာမိတ်နိုင်ငံများ ဖြစ်ကြသည့် အိန္ဒိယ၊ ဂျပန်၊ ဩစတြေးလျ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အာရှခရီးစဉ်အစအဖြစ် နိုဝင်ဘာ ၁၇ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ရောက်ရှိခဲ့သည်။

မနီလာမြို့သို့ ရောက်ရှိခဲ့ပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကွာဒ်အုပ်စုဝင် မဟာမိတ်နိုင်ငံများ ဖြစ်ကြသည့် အိန္ဒိယ၊ ဂျပန်၊ ဩစတြေးလျ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

မိမိတို့၏ ကွာဒ်အုပ်စုဝင် မဟာမိတ်နိုင်ငံများသည် အင်ဒို-ပစိဖိတ်ဒေသ လွတ်လပ်ရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေး တို့အတွက် အခြေခံအုတ်မြစ်ကြီး လေးခုဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ကွာဒ်အုပ်စု ထိပ်သီးဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

နိုဝင်ဘာ ၁၇ ရက် မနီလာ ထိပ်သီးဆွေးနွေးပွဲသည် ကွာဒ် အုပ်စုအတွက် နှစ်နှစ်တာ ကာလ အတွင်း ပထမဆုံးထိပ်သီးဆွေးနွေးပွဲဖြစ်သည်။

သုံးရက်ကြာ အာရှခရီးစဉ် အတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် တရုတ်နိုင်ငံ ရှန်ကျန်းမြို့၌ ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်) ထိပ်သီးညီလာခံသို့လည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

အမေရိကန်နှင့် အီရန်နိုင်ငံတို့ အပြန်အလှန်တိုက်ခိုက်

မာနာမာ နိုဝင်ဘာ ၁၈

ဘာရိန်းနိုင်ငံရှိ အမေရိကန် ရေတပ်စခန်းတစ်ခုကို အီရန်က တိုက်ခိုက်ခဲ့ပြီးနောက် အမေရိကန် တပ်မတော်ကလည်း နိုဝင်ဘာ ၁၇ ရက်တွင် အီရန်ဒုံးကျည် ပစ်လွှတ်ရေးစခန်း တစ်ခုကို တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရှစ်လကျော်ကြာ အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခ အဆုံးသတ်နိုင်ရေးအတွက် အီရန်နှင့် ပင်လယ်ကွေ့ အာရပ်နိုင်ငံများမှ တာဝန်ရှိသူများကြား ဆွေးနွေးညှိနှိုင်းနေသည့်တိုင် နိုဝင်ဘာ ၁၇ ရက်တွင် အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးအရ အပြန်အလှန်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် တပ်ဖွဲ့ဝင်များနှင့် စစ်စခန်းများ တိုက်ခိုက်ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် ဟော်မုဇ်ရေလက်ကြားဒေသ ကီရှမ်ကျွန်းပေါ်မှ အီရန်ဒုံးကျည်ပစ်လွှတ်ရေးစခန်းတစ်ခုကို အမေရိကန်စစ်လေယာဉ်များက တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်တပ်မတော်က ထုတ်ဖော်ပြောကြားထားသည်။

ဘာရိန်းနိုင်ငံ ရှိတ်ခ်အီဆာ လေတပ်စခန်းရှိ အမေရိကန်တပ်မတော် ရေဒါစနစ်တစ်ခုကို နိုဝင်ဘာ ၁၇ ရက်တွင် တိုက်ခိုက်ခဲ့ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်က သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် အီရန်၏ တိုက်ခိုက်မှုကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ပြီး ရှိတ်ခ်အီဆာ လေတပ်စခန်း၌ အထိအခိုက်မရှိခဲ့ကြောင်း ဘာရိန်းတပ်မတော် တာဝန်ရှိသူများက ပြောကြားထားသည်။

ဘာရိန်းနိုင်ငံသည် အမေရိကန် ရေတပ်၏ အမှတ်(၅) ရေတပ်အုပ်စု အခြေစိုက်သည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

ရုရှားတပ်မတော် သယ်ယူပို့ဆောင်ရေးလေယာဉ် ဆိုက်ဘေးရိုးယားဒေသ၌ ပျက်ကျ

မော်စကို နိုဝင်ဘာ ၁၈

ရုရှားနိုင်ငံ ဆိုက်ဘေးရိုးယားဒေသ အနောက်တောင်ပိုင်း ကီမီရိုဗိုနယ်မြေ၌ ရုရှားတပ်မတော် သယ်ယူပို့ဆောင်ရေး လေယာဉ် တစ်စင်း နိုဝင်ဘာ ၁၇ ရက်တွင် ပျက်ကျခဲ့ရာ လူ ၁၉ ဦးသေဆုံးခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အေအင်န်-၁၂ သယ်ယူပို့ဆောင်ရေးလေယာဉ်သည် စက်ချွတ်ယွင်းမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်နိုင်ကြောင်း ရုရှားမီဒီယာများ၏အဆိုအရသိရသည်။

အဆိုပါ သယ်ယူပို့ဆောင်ရေးလေယာဉ်သည် လူသူနေထိုင်ခြင်းမရှိသောနေရာ၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ကီမီရိုဗိုနယ်မြေသည် မော်စကို မြို့အရှေ့ဘက် မိုင် ၁၈၆၀ အကွာတွင် တည်ရှိသည့် နယ်မြေဖြစ်သည်။

လက်ရှိတွင် အေအင်န်-၁၂ သယ်ယူပို့ဆောင်ရေး လေယာဉ် ပျက်ကျမှု အကြောင်းရင်းကို ရုရှားတပ်မတော်က စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဆိုဗီယက်ခေတ်တွင် တည်ဆောက်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းတွင် စတင်ပျံသန်းခဲ့သော အေအင်န်-၁၂ သယ်ယူပို့ဆောင်ရေး လေယာဉ်များသည် အင်ဂျင်လေးလုံးတပ် သယ်ယူပို့ဆောင်ရေး လေယာဉ်များဖြစ်ကြောင်း သိရသည်။ Ref : RT
Trs : KKO

အစ္စရေးနိုင်ငံ နက်ဆက်လွှတ်တော်အမတ်များက လွှတ်တော်ဥက္ကဋ္ဌသစ် ရွေးချယ်တင်မြှောက်



ဂျေရုဆလင် နိုဝင်ဘာ ၁၈

အစ္စရေးနိုင်ငံ နက်ဆက်လွှတ်တော်သည် နိုဝင်ဘာ ၁၇ ရက်တွင် လွှတ်တော်ဥက္ကဋ္ဌသစ်ကို မဲခွဲရွေးချယ်ခဲ့ကြောင်း အစ္စရေးမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယာရှာပါတီဥက္ကဋ္ဌ ဂါဒီအိုင်ဆင်နေ့ ဦးဆောင်သည့် အစ္စရေးနိုင်ငံရေးပါတီများသည် နိုဝင်ဘာ ၁၇ ရက် မဲခွဲပွဲတွင် လွှတ်တော်အမတ် မဘတန်ကာဟာနာကို လွှတ်တော် ဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၇ ရက် လွှတ်တော်မဲခွဲပွဲတွင် ယာရှာပါတီဝင်တစ်ဦး ဖြစ်သည့် မဘတန်ကာဟာနာသည် ထောက်ခံမဲ ၆၆ မဲ၊ ကန့်ကွက်မဲ ၅၂ မဲ ရရှိခဲ့ကြောင်း သိရသည်။

မဘတန်ကာဟာနာ သည် လက်ရှိ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု၏ နိုင်ငံရေးမဟာမိတ်တစ်ဦးဖြစ်သည့် လက်ရှိ လွှတ်တော်ဥက္ကဋ္ဌ အမီရာအိုဟာနာ၏ တာဝန်များကို လွှဲပြောင်းရယူရမည်ဖြစ်သည်။

အမတ်နေရာ ၁၂၀ ရှိသော အစ္စရေး နက်ဆက်လွှတ်တော်၌ လွှတ်တော်ဥက္ကဋ္ဌ ရာထူးသည် နိုင်ငံရေးအရ အတော်အတန်သြဇာကြီးမားသော ရာထူးဖြစ်သည်။

ယာရှာပါတီဥက္ကဋ္ဌ ဂါဒီအိုင်ဆင်နေ့သည် အစ္စရေးသမ္မတ ဟာဇော့ဂ်၏ တာဝန်ပေးချက်အရ အထွေထွေရွေးကောက်ပွဲ အလွန်ကာလ အစ္စရေးညွှန့်ပေါင်းအစိုးရ အဖွဲ့သစ်ကိုဖွဲ့စည်းရန် တာဝန်ယူထားသူဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

အမေရိကန်နိုင်ငံအခြေစိုက် ULA ကုမ္ပဏီက ဇော်လ်ကန်စင်တော်ဒုံးပျံဖြင့် Amazon ကုမ္ပဏီ၏ လိယိုဂြိုဟ်တုများ လွှတ်တင်ခဲ့ရာအောင်မြင်မှုမရရှိခဲ့



ဝါရှင်တန် နိုဝင်ဘာ ၁၈

အမေရိကန်နိုင်ငံအခြေစိုက် United Launch Alliance (ULA) ကုမ္ပဏီသည် နိုဝင်ဘာ ၁၆ ရက်တွင် ဇော်လ်ကန်စင်တော် ဒုံးပျံဖြင့် Amazon ကုမ္ပဏီ၏ လီယိုအင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို လွှတ်တင်ပေးခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း နိုဝင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ULA ကုမ္ပဏီသည် လီယိုအင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု အစင်း ၄၀ သယ်ဆောင်ထားသည့် ဇော်လ်ကန်စင်တော် ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဇော်လ်ကန်စင်တော် ဒုံးပျံ၏ ချို့ယွင်းမှုကြောင့် မစ်ရှင်အောင်မြင်မှုမရရှိခဲ့ဘဲ လီယိုအင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုအစင်း ၄၀ ကိုလည်း ဆုံးရှုံးခဲ့ရကြောင်း ULA ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဇော်လ်ကန်စင်တော် ဒုံးပျံသည် လွှတ်တင်ပြီး ၁၀ မိနစ်ခန့်အကြာတွင် ပြဿနာတစ်ရပ်ပေါ်ထွက်ခဲ့ပြီး လီယိုဂြိုဟ်တုများကို ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်မှု မရှိခဲ့ကြောင်း ULA ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

နိုဝင်ဘာ ၁၆ ရက် လီယိုဂြိုဟ်တု အုပ်စုမစ်ရှင်သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် စတင်လွှတ်တင်ခဲ့သော ဇော်လ်ကန်စင်တော်ဒုံးပျံ၏ ပဉ္စမမြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ကမ္ဘာဂြိုဟ်ထက် အရွယ်အစားခြောက်ဆပိုကြီးမားသော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ


ဝါရှင်တန် နိုဝင်ဘာ ၁၈

အရွယ်အားဖြင့် ကမ္ဘာဂြိုဟ်ထက် ခြောက်ဆပိုကြီးမားသော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းကို အမေရိကန်နိုင်ငံ ဟားဗက်စမစ်ဆိုနီယန် နက္ခတ္တရူပဗေဒ ဗဟိုဌာနမှ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း နိုဝင်ဘာ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

GJ 1214b ဟူ၍ အမည်ပေးထားသည့် အဆိုပါဂြိုဟ်သည် အပူဓာတ်ပြင်းထန်မှုကြောင့် ကမ္ဘာဂြိုဟ်ကဲ့သို့ သက်ရှိများကို ထိန်းထားနိုင်စွမ်းမရှိကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏ လေ့လာတွေ့ရှိချက်အရ GJ 1214b ဂြိုဟ်ကို ရေနှင့်ရေခဲ လေးပုံသုံးပုံ၊ ကျောက်သား လေးပုံတစ်ပုံဖြင့် ဖွဲ့စည်းထားဖွယ်ရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

GJ 1214b ဂြိုဟ်သည် GJ 1214 အမည်ရှိ ကြယ်ကိုမိုင်ပေါင်း ၁ ဒသမ ၃ သန်းအကွာမှတစ်ဆင့် ၃၈ နာရီလျှင် တစ်ပတ်ကျ လှည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



ဂြိုဟ်၏ ဖွဲ့စည်းတည်ဆောက်ပုံအရ အပူဓာတ်ပြင်းထန်သည့်တိုင် GJ 1214b ဂြိုဟ်ကို ရေကမ္ဘာတစ်ခုအဖြစ် သတ်မှတ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

GJ 1214 ကြယ်သည် နေထက် အလင်းအား အဆ ၃၀၀၀ ပိုနည်းပါးသည့် အနီရောင်ကြယ်သိမ်တစ်စင်းဖြစ်သော်လည်း ၎င်းကြယ်ကို ဗဟိုပြုလှည့်ပတ်နေသော အကွာအဝေးမှာ နီးကပ်လွန်းမှုကြောင့် GJ 1214b ဂြိုဟ်၏ မျက်နှာပြင်အပူချိန်မှာ ၂၀၀ ဒီဂရီဆဲလ်စီယပ်ထိ ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

လျှပ်စီးလှိုင်းများဖြင့် ဆံပင်မွေးညင်းပေါက်များကို လှုံ့ဆော်ပေးနိုင်ပြီး ဆံပင်ပြန်ပေါက်စေနိုင်သော အီလက်ထရွန်နစ်ဘီးကို သိပ္ပံပညာရှင်များတီထွင်

ပေကျင်း နိုဝင်ဘာ ၁၈

လျှပ်စီးလှိုင်းများဖြင့် ဆံပင်မွေးညင်းပေါက်များကို လှုံ့ဆော်ပေးနိုင်ပြီး ဆံပင်ပြန်ပေါက်စေနိုင်သော ဆေးများကို အရေပြားအောက်ထည့်သွင်းပေးနိုင်သော အီလက်ထရွန်နစ်ဘီးတစ်မျိုးကို တရုတ်သိပ္ပံပညာရှင်များက တီထွင်ထားကြောင်း နိုဝင်ဘာ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Detangle အမည်ရှိ အဆိုပါ အီလက်ထရွန်နစ်ဘီးသည် သမားရိုးကျလိမ်းဆေးများထက် ဦးရေပြားကို ထိုးဖောက်နိုင်စွမ်း ကိုးဆပိုမြင့်မားသည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ် သိပ္ပံပညာရှင်များသည် Detangle အီလက်ထရွန်နစ်ဘီးကို ကြွက်များဖြင့် လက်တွေ့စမ်းသပ်ခဲ့ရာ တစ်လမပြည့်မီကာလအတွင်း အမွေးအမှင်များ ပြန်ပေါက်လာသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ကြွက်များဖြင့် ပြုလုပ်ခဲ့သော လက်တွေ့စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Detangle အီလက်ထရွန်နစ်ဘီးသည် Androgenetic Alopecia ခေါ် အမျိုးသားဆံပင်ကျွတ်ထိပ်ပြောင်မှုရောဂါအတွက် ကုထုံးတစ်မျိုး ဖြစ်လာနိုင်ကြောင်း သိပ္ပံပညာရှင်များ မျှော်လင့်ထားကြောင်း သိရသည်။

Detangle အီလက်ထရွန်နစ်ဘီးကို တရုတ်နိုင်ငံ ပေကျင်းမြို့တော် ပေဟန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ဖန်တီးထားခြင်းဖြစ်သည်။

Detangle အီလက်ထရွန်နစ်ဘီး၏ လျှပ်စစ်စွမ်းဆောင်မှုတစ်မျိုးတည်းကပင် ဆံပင်များ ပြန်လည်ပေါက်မှုနှုန်းကို မြှင့်တင်ပေးနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Xinhua News
Trs : KKO

ဆေးအချိန်အဆပုံမှန်ထက်မြင့်မားသော တုပ်ကွေးကာကွယ်ဆေးထိုးနှံခြင်းဖြင့် အယ်ဒိုင်းမား ဖြစ်နိုင်ခြေကို လျှော့ချနိုင်

နယူးယောက် နိုဝင်ဘာ ၁၈

ဆေးအချိန်အဆ ပုံမှန်ထက်မြင့်မားသော တုပ်ကွေးကာကွယ်ဆေးထိုးနှံခြင်းဖြင့် အယ်ဒိုင်းမား ရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ တက္ကဆက် တက္ကသိုလ်မှ သုတေသနပညာရှင်များသည် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးပိုင်း ၁၆၅၀၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ပုံမှန်ထက် ဆေးအချိန်အဆ ပိုမိုမြင့်မားသော တုပ်ကွေးကာကွယ်ဆေး ထိုးနှံထားသူများသည် ပုံမှန်တုပ်ကွေးကာကွယ်ဆေး ထိုးနှံထားသူများနှင့် နှိုင်းယှဉ်ပါက အယ်ဒိုင်းမား ရောဂါဖြစ်ပွားနိုင်ခြေ ၂၂ ရာခိုင်နှုန်း ပိုမိုနည်းပါးသည်ကို တွေ့ရကြောင်း၊ ပုံမှန်ထက် ဆေးအချိန်အဆမြင့်မားသော တုပ်ကွေးကာကွယ်ဆေး ထိုးနှံမှုကြောင့် အယ်ဒိုင်းမားရောဂါ ကျဆင်းနိုင်ခြေနှင့် ကျဆင်းမှုနှုန်းမှာ အမျိုးသားများထက် အမျိုးသမီးများတွင် ပိုမိုမြင့်မားကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

တုပ်ကွေးဗိုင်းရပ်ကို ကာကွယ်မှုသည် ဦးနှောက်၏ အနာဂတ်ကျန်းမာရေးကိုလည်း ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း အမေရိကန် သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

အစားအစာများတွင်ပါသော အမိုင်နိုအက်စစ်က ခုခံအားစနစ်ကို အထောက်အကူပြုနိုင်

နယူးယောက် နိုဝင်ဘာ ၁၈

နေ့စဉ်စားသောက်သည့် အစားအစာများတွင် ပါဝင်သော အမိုင်နိုအက်စစ်တစ်မျိုးသည် ခုခံအားစနစ်ကို အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။


အမေရိကန်နိုင်ငံ ရော့ခ်ဖဲလားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ Arginine အမည်ရှိ အမိုင်နိုအက်စစ်သည် ကင်ဆာရောဂါနှင့် ကူးစက်ရောဂါများကို ဖော်ထုတ် တားဆီးရေးအတွက် ခုခံအားစနစ်ကို အထောက်အကူပြုနိုင်ကြောင်း သိရသည်။

Arginine အမိုင်နိုအက်စစ်သည် လူ့ကိုယ်ခန္ဓာက သဘာဝအလျောက်ထုတ်ပေးသည့် အမိုင်နိုအက်စစ်ဖြစ်ပြီး ပရိုတင်းကြွယ်ဝသည့် အစားအစာများတွင်လည်း တွေ့ရှိရတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လူ့ကိုယ်ခန္ဓာအတွင်း Arginine အမိုင်နိုအက်စစ်ပါဝင်မှု ကျဆင်းနေချိန်တွင် ခုခံအားစနစ်၏ အဓိကအစိတ်အပိုင်းတစ်ရပ်၏ လုပ်ငန်းလည်းပတ်နိုင်စွမ်း ရပ်တန့်သွားတတ်ကြောင်း သိရသည်။

အဆိုပါ Arginine အမိုင်နိုအက်စစ်ကို ကြွက်များဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref : Sputnik News
Trs : KKO



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် နိုဝင်ဘာ ၁၈

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်၍ နိုင်ငံတော်၏မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားခြင်း၊ ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဌေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခြင်းနှင့် နှုတ်ခွန်းဆက်စကား ပြောကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညီစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဌေး၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးခင်ရီ၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များတက်ရောက်ကြပြီး ဧည့်သည်တော် ဦးရေ ၃၀၀ က လေ့လာသူအဖြစ် တက်ရောက်ကြကာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီဥက္ကဋ္ဌတို့က Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဌေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ဦးရေ ၅၄၀ တက်ရောက်သဖြင့် ၉၆ ဒသမ ၄၃ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေ အနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသောတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်နိုင်ရန်အတွက် ဆက်လက် ပေးပို့သွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၂ အရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု



မှတ်ယူ၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်သူမြိုင်က ကော်မရှင်ဝန်ထမ်းများအပေါ် အကြံပြုဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ကော်မရှင်ဝန်ထမ်းများကို နိုင်ငံ့ဝန်ထမ်းများနည်းတူ အခွင့်အရေးများ ရရှိခံစားနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရုံးခွဲများဖွင့်လှစ်မှုအပေါ် အကြံပြုဆွေးနွေးချက်နှင့်စပ်လျဉ်း၍ လက်ရှိတွင် ရုံးချုပ်နှင့် ရုံးခွဲငါးခုဖွင့်လှစ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးက မူလဖွဲ့စည်းပုံအရ ခွင့်ပြုထားရှိပါကြောင်း၊ ယခုအခါ ရုံးချုပ်နှင့် ရုံးခွဲလေးခုရှိပြီး နောက်ရုံးခွဲတစ်ခုကို ရှမ်းပြည်နယ်တွင် မြေနေရာရရှိနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ရုံးခွဲများတိုးချဲ့နိုင်ရန် ဖွဲ့စည်းပုံပြင်ဆင်ချိန်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းတွင် အနည်းဆုံးကော်မရှင်ရုံးခွဲတစ်ခုစီ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လူ့အခွင့်အရေး အသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောပွဲများ ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များသို့ သွားရောက်ဟောပြောခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများနှင့် ကျေးလက်နေပြည်သူများထံ လူ့အခွင့်အရေးအသိပညာပေးမှုများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နေရပ်စွန့်ခွာပြည်သူများအပေါ် အကြံပြုချက်နှင့်စပ်လျဉ်း၍ ပြည်သူများအနေဖြင့် အချိန်အတိုင်းအတာတစ်ခု ကြာမြင့်လာသည်နှင့်အမျှ အခြေခံလူ့အခွင့်အရေးများ အပြည့်အဝ ပြန်လည်ရရှိနိုင်စေရေး ဆက်လက်လေ့လာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လူ့အခွင့်အရေးဆိုင်ရာ သင်တန်းပို့ချမှုနှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ် အကျဉ်းဦးစီးဌာနတွင် သင်ခန်းစာပို့ချမှုတစ်ကြိမ်သာ ဆောင်ရွက်နိုင်ခဲ့သော်လည်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများကို သင်ခန်းစာများ ပိုမိုပို့ချနိုင်ရေးကော်မရှင်မှ အဆိုပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၂၅ ခုနှစ် အစီရင်ခံစာအရ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ တိုင်ကြားချက်လက်ခံရရှိမှုကို ဖော်ပြထားခြင်းမရှိခြင်းနှင့်စပ်လျဉ်း၍ နယ်မြေအခြေအနေအရ တိုင်တန်းချက်များ ပေးပို့ နိုင်ခြင်းမရှိဟု ယူဆရပါကြောင်း၊ “တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့အသိပေးခြင်း” ကြေညာချက်ကို နိုင်ငံပိုင်သတင်းစာတွင် တစ်လလျှင်နှစ်ကြိမ်နှင့် FM အသံလွှင့်ဌာနများတွင် အခါအားလျော်စွာ ထည့်သွင်းဖော်ပြလျက်ရှိပါကြောင်း၊ ကော်မရှင် website တွင်လည်း ကြည့်ရှုု၍ တိုင်ကြားနိုင်ပါကြောင်း။

ကော်မရှင်ထံ အစိုးရနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများက ပြန်ကြားမှုရာခိုင်နှုန်း နည်းပါးခြင်းနှင့် စပ်လျဉ်း၍ နှစ်ပတ်လည်အစီရင်ခံစာပါ ပြန်ကြားရန် ကျန်ရှိသော တိုင်တန်းစာ ၂၅ စောင်အနက် တိုင်တန်းစာ ၂၂ စောင်ကို ၂၀၂၆ ခုနှစ်အတွင်း၌ အကြောင်းပြန်ကြားလာခဲ့ပြီးဖြစ်ပါ၍ ပြန်ကြားလာရန် သုံးစောင်သာ ကျန်ရှိနေပါကြောင်း။

ကော်မရှင်၏ ဥပဒေ၊ နည်းဥပဒေများကို လိုအပ်ချက်များရှိနေပါက ပြန်လည်သုံးသပ်သင့်ပါကြောင်း အကြံပြုချက်နှင့် စပ်လျဉ်း၍ ၂၀၂၆ ခုနှစ်တွင် ကော်မရှင် အဖွဲ့ဝင်များပါဝင်သည့် ကော်မရှင်ဥပဒေ နှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးအဖွဲ့ ဖွဲ့စည်းပြီး ပြန်လည်လေ့လာသုံးသပ်လျက်ရှိပါကြောင်း။

Online မှတစ်ဆင့် တိုင်ကြား၊ ဖြေရှင်းပေးနိုင်အောင်လည်း Application စီစဉ်ဆောင်ရွက်သင့်ကြောင်းနှင့်စပ်လျဉ်း၍ “တိုင်ကြားနိုင်ပါကြောင်း” ပြည်သူသို့အသိပေးခြင်း သတင်းစာသားတွင်ပါဝင်သည့် QR Code စနစ်ဖြင့် ကော်မရှင် Website တွင် လွယ်ကူစွာဝင်ရောက်လေ့လာပြီး တိုင်ကြားစာဌာနများသို့ တိုင်ကြားနိုင်ရန် ဆောင်ရွက်ထားရှိပါကြောင်း။

ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကော်မရှင်အနေဖြင့် အလေးထား၍ မှတ်တမ်းများ ပြုစုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကော်မရှင်သို့ တိုင်တန်းသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ တိုင်တန်းသူများ၏ ကိုယ်ရေးအချက်အလက်များ လုံခြုံရေးနှင့် စပ်လျဉ်း၍ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့ကို အကြံပြုချက်နှင့်စပ်လျဉ်း၍ လူ့အခွင့်အရေးရှုထောင့်မှ ကြည့်ရှုစစ်ဆေးခြင်းများကို နယ်လ်ဆင်မန်ဒဲလားစည်းမျဉ်းများ (Nelson Mandela Rules)၊ ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

အမှုသတင်းအချက်အလက်များ ပေးပို့ရန် အကြံပြုချက်နှင့်စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးခြင်းဆိုင်ရာ သတင်းထုတ်ပြန်ချက်ကို နိုင်ငံပိုင်သတင်းစာများတွင် ကော်မရှင်က ခြောက်လတစ်ကြိမ် ထုတ်ပြန်လျက်ရှိပြီး တိုင်တန်းနိုင်သည့် နေရာများလည်း ထည့်သွင်းဖော်ပြထားပါကြောင်း။

ဌာနဆိုင်ရာမှ ဝန်ထမ်းများနှင့် စပ်လျဉ်းသော အကြံပြုချက်များနှင့်စပ်လျဉ်း၍ ကော်မရှင်သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်ရသည့် အဖွဲ့အစည်းမဟုတ်ဘဲ ကော်မရှင် ဥပဒေနှင့်အညီ လူ့အခွင့်အရေး ချိုးဖောက်ခံရသော ဖြစ်စဉ်များကို စုံစမ်းစစ်ဆေးပြီး အကြံပြုချက်ပေးပို့ခြင်းကိုသာ ဆောင်ရွက်ရသော လွတ်လပ်သည့်အဖွဲ့အစည်းဖြစ်ပါကြောင်း။

ကော်မရှင်အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေနိုင်သည့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို မိမိတို့၏ မိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် နှစ်နိုင်ငံချင်းဖြစ်စေ၊ အဖွဲ့အစည်းနှစ်ရပ်ကြားဖြစ်စေ ထိတွေ့ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်စားလှယ်၏ ဆွေးနွေးအကြံပြုချက်အတိုင်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံမှုနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အပေါ် ထားရှိသော သဘောထားများကို လာမည့်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါကြောင်း။

“အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ” ကို မူကြမ်းအဆင့်မှ ဥပဒေပြဋ္ဌာန်းနိုင်သည်ထိ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးရန် အကြံပြုဆွေးနွေးချက်နှင့် စပ်လျဉ်း၍ ထိုဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ အကြံပြုချက်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အမျိုးသမီးရေးရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော အသိပညာပေး စာအုပ်စာတမ်းများကိုဖြန့်ဝေမှုဆိုင်ရာ အကြံပြုချက်နှင့်စပ်လျဉ်း၍ နှစ်စဉ် စဉ်ဆက်မပြတ် ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ၂၀၂၅ ခုနှစ် အစီရင်ခံစာကို ကိုယ်စားလှယ်များ၏ အပြုသဘောဆောင်သော ဆွေးနွေးအကြံပြုချက်များအပေါ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အလေးထားဂရုပြုဆောင်ရွက်ရန်လိုအပ်သော အချက်အလက်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခဲ့သည့်ကိစ္စများနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ကယားပြည်နယ်အစိုးရအဖွဲ့မှ ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ဘောလခဲမြို့နယ်တို့တွင် ပြန်လည်ထူထောင်ရေးနှင့် နေရာချထားရေးလုပ်ငန်းများ၌ တန်ဖိုးနည်းအိမ်ရာ အလုံး ၆၀၀ တည်ဆောက်ရာတွင် လိုအပ်သောဘိလပ်မြေနှင့် အမိုးသွပ်များဝယ်ယူရန်အတွက် ကုန်ကျစရိတ် ငွေကျပ် ၁၈၂၇ သန်းကိုလည်းကောင်း၊ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ မြဝတီမြို့နယ်အတွင်း တရားမဝင် ဝင်ရောက်နေထိုင်သည့် နိုင်ငံခြားသားများကို ပြည်နှင်ရန် စောင့်ဆိုင်းနေစဉ်ကာလအတွင်း ၎င်းတို့ကို ကျွေးမွေးစရိတ်အဖြစ် ငွေကျပ် ၁၃၀၃ ဒသမ ၃၈၀ သန်းကိုလည်းကောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန်အတွက် ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့မှ

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှအဆက်

တင်ပြခဲ့မှုကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၆) နှင့် (၉/၂၀၂၆) တို့မှ ခွင့်ပြုခဲ့ပါကြောင်း။

သို့ပါ၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အနေဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတို့မှ သီးခြားစီဆောင်ရွက်ရသည့် သဘောရှိသည့်အတွက် ဝန်ကြီးဌာနက ကြီးကြပ်သော ပြည်ထောင်စု၏ အရေးပေါ်ရန်ပုံငွေမှရယူပြီး ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့သို့ လွှဲပြောင်းပေးခဲ့ရပါကြောင်း၊ အဆိုပါ ပြည်နယ်နှစ်ခုသို့ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စု၏ အရေးပေါ်ရန်ပုံငွေမှ ခွင့်ပြုခဲ့မှုသည် ဘဏ္ဍာနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့် အထူးကိစ္စရပ်အဖြစ် ခွင့်ပြုခဲ့ခြင်း ဖြစ်ပါသဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ အပိုင်း ၄၊ အရေးပေါ် ရန်ပုံငွေ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဂ) နှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြမှတ်တမ်းတင် ခွင့်ပြုပါရန် ရှင်းလင်းတင်ပြသည်။

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင်က ဆဋ္ဌသံဃာယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားအတွက် ကျခံသုံးစွဲခဲ့သည့် သာမန်အသုံးစရိတ် ထပ်မံလိုအပ်ငွေ ၈၀၃ ဒသမ ၈၉၁ သန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲမှုကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုမှတ်တမ်းတင် ထားရှိပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဝန်ကြီးဌာနအနေဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ နိုင်ငံတော်ရုံးများ၊ နိုင်ငံတော်ဧည့်ဝေဟာများကို ပြင်ဆင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရဧည့်ဝေဟာ သုံးလုံး အကြီးစားပြုပြင်ခြင်း လုပ်ငန်းအတွက် လိုအပ်ငွေ ငွေကျပ် ၁၄၉၃ ဒသမ ၆၄၄ သန်းနှင့် ရန်ကုန်-မန္တလေး မီးရထားလမ်းတစ်လျှောက်တွင်ရှိသည့် ရထားလမ်းနှင့် ကားလမ်းကူး (Level Crossing) များနှင့် ရထားလမ်းခုံးကျော်တံတားများကို စီမံကိန်းအဖြစ် စီမံချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုတင်ပြမည့်နေရာသည် နေပြည်တော်ပုဗ္ဗသီရိမြို့နယ်အတွင်းရှိသည့် ရန်ကုန်-မန္တလေး မီးရထားလမ်း ခုံးကျော်တံတား တစ်စင်း ပေ ၁၄၀၀ တည်ဆောက်ခြင်းအတွက် ငွေကျပ် ၃၃၇၁၈ သန်းကို တင်ပြခြင်း ဖြစ်ပါကြောင်း။

အဆိုပါ လုပ်ငန်းနှစ်ခုသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၏ မူလရသုံးခန့်မှန်းခြေငွေစာရင်းတွင် အသုံးပြုခွင့် လျာထားခြင်းမရှိပါသောကြောင့် နိုင်ငံတော်၏ လိုအပ်ချက်အရ အဆိုပါလုပ်ငန်းနှစ်ရပ်ကိုဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ စိစစ်ဖော်ပြပါအတိုင်း အရေးပေါ်ရန်ပုံငွေမှ လျာထား၍ ကျခံသုံးစွဲရခြင်း ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ၂၀၂၆-၂၀၂၇ ခုနှစ် ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ သာသနာရေးဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်းတစ်ခု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဆိုင်ရာ လုပ်ငန်းနှစ်ခု၊ ကယားပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းဆိုင်ရာ တစ်ခု၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ဆိုင်ရာ လုပ်ငန်းနှစ်ခု စုစုပေါင်း လုပ်ငန်းခြောက်ခုအတွက် ငွေကျပ် ၃၉၁၄၅၅ ဒသမ ၉၁၅ သန်း ကျခံသုံးစွဲထားမှုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်က နိုင်ငံတော်၏ မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေ အရပ်ရပ်နှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတ ပြောကြားခဲ့သည့် နိုင်ငံတော်၏ မူဝါဒများနှင့် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်တို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူမှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ကျင်းပခဲ့ပြီး မကြာခင်အချိန်ပိုင်းတွင် လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာပြီးမြောက်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကာလတွင် ဥပဒေပြုရေးလုပ်ငန်းတာဝန်များကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ရှိကြောင်း။

ယခု တတိယပုံမှန်အစည်းအဝေး ကာလအတွင်း ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို ၁၁ ရက် ကျင်းပနိုင်ခဲ့ကြောင်း၊ မိမိတို့ လွှတ်တော်၏ဥပဒေ ပြုရေးအပိုင်းတွင် ပြည်သူ့လွှတ်တော် ရွှေကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေ၊ အမျိုးသားလွှတ်တော်ရွှေကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေ၊ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွှေကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေနှင့် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေတို့ကို ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ လွှတ်တော်နှစ်ရပ်သဘောတူပေးပို့လာသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို လွှတ်တော်တွင် ယနေ့ မှတ်တမ်းတင်ပြီး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရေး ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေကိုလည်း ပြည်ထောင်စုလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ပေးနိုင်ခဲ့ကြောင်း။

အုပ်ချုပ်ရေးအပိုင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ပြည်ထောင်စုဝန်ကြီးဌာန နှစ်ခုအမည်ပြောင်းလဲခြင်း၊ ပြည်ထောင်စုဝန်ကြီး အစားထိုးခန့်အပ်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး နှစ်ဦး ခန့်အပ်တာဝန်ပေးခြင်း၊ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ဆက်လက်အတည်ဖြစ်စေရေး ကိစ္စတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၌ ဆွေးနွေးခြင်း၊ အဆုံးအဖြတ် ရယူအတည်ပြုခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးဌာနနှစ်ခုမှ ပြည်ထောင်စုဝန်ကြီးနှစ်ဦး ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်းတို့ကိုလည်း လွှတ်တော်က မှတ်တမ်းတင်ခြင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာများ၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၌ ဆွေးနွေးခြင်း၊ အတည်ပြု မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ၂၀၂၆ ခုနှစ် စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလတို့အတွက် ဒီဇယ်ဆီ HSD(500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည် (LNG)အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကိစ္စ၊ အာဆီယံရေနံဖူလုံမှုဆိုင်ရာ သဘောတူညီချက်မူဘောင် အသက်ဝင်နိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံ အစိုးရတို့ကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုကာကွယ်ရေး သဘောတူစာချုပ်ကိစ္စ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ DBRB နှင့် Belinvestbank (ဘယ်လင်ဗက်စ်ဘန့်) JSC တို့ထံမှ ပို့ကုန်ချေးငွေရယူနိုင်ရေးကိစ္စ၊ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏လိုငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ချေးငွေထုတ်ချေးခွင့်ပြုနိုင်ရေးကိစ္စများ၊ ပလက်ဝ-ဇိရမ်ပူရ် နှစ်လမ်းသွား လမ်းဖောက်လုပ်ခြင်း စီမံကိန်းအတွက် မော်တော်ယာဉ် ငါးစီးအပေါ်ကျသင့်မည့် အထူးကုန်စည်ခွန်ကင်းလွတ်ခွင့် ပြုနိုင်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်၊ ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်နှင့် ပြည်ထောင်စု သဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁)၊(၂)၊(၃)ပါ အချက်များနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းပေးနိုင်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာလုပ်ငန်းများကိုလည်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို ၂၀၂၇ ခုနှစ် ဧနခေါရီလအတွင်း ပြန်လည်ကျင်းပသည့်အခါ ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်း လာမည့် ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းတို့ကို လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ သက်ဆိုင်ရာ ဥပဒေများနှင့်အညီ သတ်မှတ်ကာလ အတွင်း ဆွေးနွေး၊ စိစစ်၊ အတည်ပြု ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသည့် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလထိ ပထမခြောက်လပတ် အမျိုးသားစီမံကိန်း အစီရင်ခံစာနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာများနှင့်စပ်လျဉ်း၍ ပြည်သူ့ဌေစာရင်းပူးပေါင်းကော်မတီက စိစစ်နိုင်ရန် ကြိုတင်ပေးပို့ထားပြီးဖြစ်၍ လာမည့် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အစီရင်ခံစာများ တင်သွင်းနိုင်ရေး ဆောင်ရွက်ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် တတိယအကြိမ်လွှတ်တော် အသီးသီး၏ တတိယပုံမှန်အစည်းအဝေးများ ကျင်းပပြီးစီး၍ မိမိတို့နေထိုင်ရာ နယ်မြေဒေသ အသီးသီးကို ပြန်ကြမည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအားလုံး လိုရာဆန္ဒပြီးမြောက်ပြီး ဘေးမသီ ရန်မခဘဲ လိုရာခရီးကို အဆင်ပြေချောမွေ့စွာ ရောက်ရှိကြပါစေ၊ နောင်ပြန်လည် ကျင်းပမည့် စတုတ္ထပုံမှန်အစည်းအဝေးကာလတွင် ကျန်းမာချမ်းသာစွာနှင့် ပြန်လည်ဆုံတွေ့နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ အစီအစဉ်ပြီးဆုံးကြောင်းနှင့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

မန္တလာဆရာမျိုး

အိပ်စက်မှုအရည်အသွေးနဲ့ ကျန်းမာရေး

လူတစ်ယောက်ရဲ့ ကျန်းမာရေးအတွက် အစားအသောက်၊ ကိုယ်လက်လှုပ်ရှားမှုနဲ့ အိပ်စက်မှုတွေဟာ အရေးကြီးတဲ့အခြေခံအချက်တွေ ဖြစ်ပါတယ်။ ဒါပေမဲ့ အစားအသောက်နဲ့ လေ့ကျင့်ခန်းအကြောင်းကို လူအများ စိတ်ဝင်စားကြသလောက် အိပ်စက်မှုအကြောင်းကိုတော့ သိပ်ပြီးအလေးထားလေ့ မရှိကြပါဘူး။ တချို့သူတွေက "ကျွန်တော် တစ်ညကို ရှစ်နာရီအိပ်ပါတယ်။ ဒါပေမဲ့ မနက်အိပ်ရာထလာရင် မလန်းဆန်းဘူး"လို့ ပြောတတ်ကြပါတယ်။ တချို့ကတော့ ညဘက်အိပ်ချိန်လုံလောက်ပေမဲ့ နေ့ခင်းဘက်မှာ အိပ်ငိုက်နေတတ်ကြပါတယ်။ အလုပ်လုပ်နေချိန် အာရုံစူးစိုက်ဖို့ ခက်ခဲတယ်။ မကြာခဏ မေ့တတ်လာတယ်။ စိတ်တိုလွယ်လာတယ်လို့လဲ ခံစားရတတ်ပါတယ်။ ဒီလိုဖြစ်လာတဲ့အခါ "အသက်ကြီးလာလို့ပါ"၊ "အလုပ်ပင်ပန်းလို့ပါ"ဆိုပြီး ပေါ့ပေါ့တန်တန် သဘောထားတတ်ကြပါတယ်။

တကယ်တော့ အိပ်ချိန်လုံလောက်နေပေမဲ့ မလန်းဆန်းတာဟာ အိပ်စက်မှုအရည်အသွေးမကောင်းတာကြောင့် ဖြစ်နိုင်သလို တခြားကျန်းမာရေးပြဿနာတွေကြောင့်လဲ ဖြစ်နိုင်ပါတယ်။ အိပ်စက်မှုဆိုတာ ခန္ဓာကိုယ်အနားယူဖို့အတွက်ပဲ မဟုတ်ပါဘူး။ ဦးနှောက်၊ နှလုံး၊ သွေးကြော၊ ဟော်မုန်းစနစ်နဲ့ ကိုယ်ခံအားစနစ်တွေ ပုံမှန်လုပ်ဆောင်နိုင်ဖို့အတွက်လဲ အရေးကြီးတဲ့ ဇီဝဖြစ်စဉ်တစ်ခုဖြစ်ပါတယ်။

လူတစ်ယောက် အိပ်ပျော်နေချိန်မှာ ဦးနှောက်ဟာ လုံးဝအလုပ်မလုပ်တော့တာ မဟုတ်ပါဘူး။ မှတ်ဉာဏ်နဲ့ သင်ယူထားတဲ့ အချက်အလက်တွေကို စုစည်းထိန်းသိမ်းတာ၊ စိတ်ခံစားမှုကို ထိန်းညှိတာ စတဲ့လုပ်ငန်းစဉ်တွေ ဆက်လက်ဖြစ်ပေါ်နေပါတယ်။ ခန္ဓာကိုယ်ရဲ့ ဟော်မုန်းထုတ်လုပ်တာ၊ ဇီဝဖြစ်စဉ်နဲ့ တစ်ရှူးပြုပြင်ထိန်းသိမ်းတာတွေဟာလဲ အိပ်စက်မှုနဲ့ ဆက်စပ်နေပါတယ်။ ဒါကြောင့် အိပ်စက်မှုကို အချိန်ဖြုန်းတာလို့ မမြင်သင့်ပါဘူး။ ကျန်းမာရေးကို ထိန်းသိမ်းပေးနေတဲ့ သဘာဝလုပ်ငန်းစဉ်တစ်ခုလို့ မြင်သင့်ပါတယ်။

လူအများ သိချင်ကြတဲ့ မေးခွန်းတစ်ခုက "တစ်ညကို ဘယ်နှနာရီ အိပ်သင့်သလဲ" ဆိုတာပါပဲ။ ယေဘုယျအားဖြင့် အသက် ၁၈ နှစ်မှ အသက် ၆၀ အရွယ် လူကြီးတွေအတွက် တစ်ညကို အနည်းဆုံး ခုနစ် နာရီ အိပ်စက်ဖို့ အကြံပြုထားပါတယ်။ အသက်ကြီးသူ တွေအတွက်လည်း အများအားဖြင့် ခုနစ် နာရီမှ ကိုး နာရီဝန်းကျင် အိပ်စက်မှုလိုအပ်နိုင်ပြီး အသက်အရွယ်အလိုက် အကြံပြုထားတဲ့ အချိန်အနည်းငယ်ကွာခြားနိုင်ပါတယ်။ ဒါပေမဲ့ အိပ်ချိန် အရေအတွက် တစ်ခုတည်းနဲ့ အိပ်စက်မှု ကောင်း၊ မကောင်းကို ဆုံးဖြတ်လို့ မရပါဘူး။

အိပ်ရာထဲမှာ ရှစ်နာရီကြာနေခဲ့တယ်ဆိုတာနဲ့ ရှစ်နာရီလုံး အိပ်ပျော်နေတယ်လို့ မဆိုနိုင်ပါဘူး။ ညဘက်မှာ မကြာခဏနိုးနေတာ၊ အိပ်ပျော်ဖို့ အချိန်အကြာကြီးယူရတာ၊ အိပ်စက်နေချိန် အသက်ရှူလမ်းကြောင်းပိတ်ဆို့တာ စတဲ့အကြောင်းရင်းတွေကြောင့် အိပ်စက်မှုအရည်အသွေး ကျဆင်းနိုင်ပါတယ်။

အိပ်စက်မှုမှာ အဓိကအားဖြင့် REM Sleep နဲ့ Non-REM Sleep ဆိုတဲ့ အဆင့်တွေ ပါဝင်ပါတယ်။ Non-REM Sleep မှာလည်း အဆင့်အမျိုးမျိုးရှိပြီး Deep Sleep လို့ခေါ်တဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်မှု အဆင့် ပါဝင်ပါတယ်။ ဒီအဆင့်တွေဟာ ညတစ်ည အတွင်း အကြိမ်ကြိမ်ပြောင်းလဲဖြစ်ပေါ်နေပါတယ်။ အိပ်စက်မှုအဆင့်တွေကို ပုံမှန်ဖြတ်သန်းနိုင်တာဟာ မှတ်ဉာဏ်၊ သင်ယူနိုင်စွမ်း၊ စိတ်ခံစားတာနဲ့ ခန္ဓာကိုယ် ပြန်လည်ထိန်းသိမ်းမှုတို့အတွက် အရေးကြီးပါတယ်။

အိပ်ချိန်လုံလောက်ပေမဲ့ ညဘက်မကြာခဏ နိုးနေရင် ဒီအိပ်စက်မှုဖြစ်စဉ်တွေ အနှောင့်အယှက် ဖြစ်နိုင်ပါတယ်။ အိပ်စက်မှုအရည်အသွေးကို ထိခိုက်စေတဲ့ အကြောင်းရင်းတွေထဲမှာ လူအများသတိမထားမိတတ်တဲ့ ပြဿနာတစ်ခုကတော့ Obstructive Sleep Apnea ဖြစ်ပါတယ်။ အိပ်ပျော်နေချိန်မှာ လည်ချောင်းနောက်ဘက်မှာရှိတဲ့ အသက်ရှူလမ်းကြောင်းဟာ ခဏခဏကျဉ်းသွားတာ ဒါမှမဟုတ် ပိတ်ဆို့သွားတာကြောင့် အသက်ရှူမှု လျော့နည်းတာ၊ ခဏတာရပ်တန့်တာတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒီလိုဖြစ်တဲ့အခါ သွေးတွင်းအောက်ဆီဂျင်



ပမာဏ ကျဆင်းနိုင်ပြီး ဦးနှောက်က အသက်ရှူလမ်းကြောင်းပြန်ဖွင့်နိုင်ဖို့ အိပ်စက်မှုကို ခဏတာ နှောင့်ယှက်ပေးရပါတယ်။ အဲဒီဖြစ်စဉ်တွေဟာ တစ်ညအတွင်း အကြိမ်များစွာ ဖြစ်ပေါ်နိုင်ပါတယ်။ လူနာကိုယ်တိုင်ကတော့ အဲဒီအကြိမ်တိုင်းကို သတိမထားမိနိုင်ပါဘူး။

ဒါကြောင့် ညဘက်အိပ်ချိန် ရှစ်နာရီရှိပေမဲ့ မနက်အိပ်ရာထလာတဲ့အခါ မလန်းဆန်းတာ၊ နေ့ခင်းဘက် အလွန်အမင်းအိပ်ငိုက်တာ၊ အာရုံစူးစိုက်မှုကျဆင်းတာတွေ ဖြစ်နိုင်ပါတယ်။ Sleep Apnea ရှိသူတွေမှာ အသံကျယ်ကျယ် ဟောက်တာ၊ အိပ်နေရင်းနဲ့ အသက်ရှူရပ်သွားသလိုဖြစ်တာ၊ အသက်ရှူမဝသလို လန့်နိုးတာ၊ မနက်ပိုင်း ခေါင်းကိုက်တာ၊ နေ့ခင်းဘက် အိပ်ငိုက်တာ စတဲ့လက္ခဏာတွေ တွေ့ရနိုင်ပါတယ်။ ဒါပေမယ့် ဟောက်သူတိုင်းမှာ Sleep Apnea ရှိတာ မဟုတ်သလို Sleep Apnea ရှိသူတိုင်းလဲ သိသိသာသာဟောက်နေမှာ မဟုတ်ပါဘူး။

Sleep Apnea ဟာ အဝလွန်သူတွေမှာ ပိုတွေ့ရနိုင်ပေမဲ့ ကိုယ်အလေးချိန်ပုံမှန်ရှိသူတွေမှာလဲ ဖြစ်နိုင်ပါတယ်။ အသက်အရွယ်၊ လည်ပင်းနဲ့ မေးရိုးဖွဲ့စည်းပုံ၊ အသက်ရှူလမ်းကြောင်းအခြေအနေ စတဲ့ အချက်တွေနဲ့လဲ ဆက်စပ်နေပါတယ်။ ကုသမှု မခံယူထားတဲ့ Obstructive Sleep Apnea ဟာ သွေးတိုးရောဂါ၊ နှလုံးသွေးကြောပြဿနာနဲ့ အခြားကျန်းမာရေးပြဿနာတွေနဲ့ ဆက်စပ်နေပါတယ်။ ဒါကြောင့် ညတိုင်း အိပ်ရင် အသံကျယ်ကျယ် ဟောက်ပြီး နေ့ခင်းဘက် အလွန်အမင်းအိပ်ငိုက်နေသူတွေဟာ အိပ်စက်မှုဆိုင်ရာ ဆေးပညာအကဲဖြတ်မှု ခံယူသင့်ပါတယ်။ လိုအပ်ရင် Sleep Study လို့ခေါ်တဲ့ အိပ်စက်မှု စစ်ဆေးတာပြုလုပ်နိုင်ပါတယ်။

အိပ်စက်တာနဲ့ ပတ်သက်ပြီး နောက်ထပ်အရေးကြီးတဲ့အရာတစ်ခုက ခန္ဓာကိုယ်ရဲ့ ဇီဝနာရီဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ်မှာ နေ့နဲ့ ညအလိုက် အိပ်စက်မရပါဘူး။ ဖုန်းပေါ်မှာ စိတ်လှုပ်ရှားစရာ ဗီဒီယိုတွေ ကြည့်တာ၊ လူမှုကွန်ရက်တွေ ဆက်တိုက်အသုံးပြုတာ၊ အလုပ်ကိစ္စတွေ စဉ်းစားနေတာတွေကလဲ ဦးနှောက်ကို နိုးကြားနေစေပြီး အိပ်စက်မှုကို နှောင့်ယှက်နိုင်ပါတယ်။ အိပ်ရာဝင်ချိန် နီးလာတဲ့အခါ ဖုန်းအသုံးပြုမှုကို လျှော့ချတာ၊ အခန်းအလင်းရောင်ကို သင့်တော်အောင် လျှော့ချတာ၊ စိတ်အေးချမ်းစေတဲ့ လှုပ်ရှားမှုတွေ ပြုလုပ်တာတွေက အိပ်ပျော်ဖို့ အထောက်အကူပြုနိုင်ပါတယ်။

ကော်ဖီနဲ့ လက်ဖက်ရည်သောက်သုံးမှုကိုလဲ သတိထားဖို့လိုပါတယ်။ ကော်ဖီမှာပါဝင်တဲ့ ကဖင်းဓာတ်ဟာ ဦးနှောက်ရဲ့ နိုးကြားမှုကို တိုးစေပါတယ်။ ကဖင်းဓာတ်ရဲ့အာနိသင်ဟာ လူတစ်ယောက်နဲ့ တစ်ယောက်ကွာခြားနိုင်ပြီး သောက်သုံးပြီးနောက် နာရီအတော်ကြာ ဆက်လက်သက်ရောက်နိုင်ပါတယ်။ ဒါကြောင့် ညဘက်အိပ်ပျော်ဖို့ ခက်ခဲသူတွေဟာ နေ့လယ်နောက်ပိုင်းနဲ့ ညနေပိုင်းတွေမှာ ကဖင်းဓာတ်ပါဝင်တဲ့ အဖျော်ယမကာတွေ သောက်သုံးတာကို လျှော့ချဖို့ စဉ်းစားသင့်ပါတယ်။

အရက်သောက်ရင် အိပ်ပျော်လွယ်တယ်လို့ ယူဆသူတွေလဲ ရှိပါတယ်။ အရက်ဟာ အစပိုင်းမှာ အိပ်ငိုက်စေနိုင်ပေမဲ့ ညဘက်အိပ်စက်မှုကို အနှောင့်အယှက်ဖြစ်စေနိုင်ပါတယ်။ အိပ်စက်မှုအဆင့်တွေ ပြောင်းလဲစေတာ၊ ညဘက်မကြာခဏ နိုးတာနဲ့ Sleep Apnea ကို ပိုဆိုးစေတာတို့ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အရက်ကို အိပ်ဆေးအဖြစ် အသုံးပြုတာဟာ သင့်တော်တဲ့ နည်းလမ်းမဟုတ်ပါဘူး။

အိပ်စက်မှုနဲ့ နှလုံးကျန်းမာရေးဟာလဲ ဆက်စပ်နေပါတယ်။ အိပ်ချိန်မလုံလောက်တာ၊ အိပ်စက်မှုအရည်အသွေးမကောင်းတာနဲ့ အိပ်စက်မှုဆိုင်ရာ ရောဂါတချို့က သွေးတိုးရောဂါ၊ နှလုံးသွေးကြောရောဂါနဲ့ ဇီဝဖြစ်စဉ်ဆိုင်ရာပြဿနာတွေ ဖြစ်နိုင်ခြေ မြင့်တက်တာနဲ့ ဆက်စပ်နေကြောင်း လေ့လာတွေ့ရှိထားပါတယ်။ အိပ်စက်မှု မလုံလောက်တဲ့အခါ ခန္ဓာကိုယ်ရဲ့ စိတ်ဖိစီးမှုတုံ့ပြန်မှု၊ အစာစားချင်စိတ်ကို ထိန်းညှိတဲ့ဟော်မုန်းတွေနဲ့ Glucose Metabolism တို့ကို ထိခိုက်စေနိုင်ပါတယ်။ ဒါကြောင့် အိပ်ရေးမဝတာကို နေ့ခင်းဘက် ပင်ပန်းနွမ်းနယ်တာတစ်ခုတည်းနဲ့ မတိုင်းတာသင့်ပါဘူး။ ရေရှည် ကျန်းမာရေးအတွက်လဲ အရေးကြီးပါတယ်။

သို့သော် အိပ်ချိန်နည်းသူတိုင်းမှာ နှလုံးရောဂါ ဒါမှမဟုတ် ဆီးချိုရောဂါ မဖြစ်မနေဖြစ်လာမယ်လို့ မဆိုလိုပါဘူး။ အိပ်စက်မှုဟာ ရောဂါအန္တရာယ်ကို လွှမ်းမိုးနိုင်တဲ့ အချက်များစွာထဲက တစ်ခုဖြစ်ပါတယ်။ အိပ်စက်မှုနဲ့ မှတ်ဉာဏ်အကြောင်းကိုလဲ လူအများ စိတ်ဝင်စားကြပါတယ်။ အိပ်စက်နေစဉ် ဦးနှောက်ဟာ နေ့ခင်းဘက် သင်ယူထားတဲ့ အချက်အလက်တွေကို စုစည်းထိန်းသိမ်းရာမှာ ပါဝင်ပါတယ်။ အိပ်ရေးမဝတဲ့အခါ အာရုံစူးစိုက်တာ၊ ဆုံးဖြတ်ချက်ချနိုင်စွမ်းနဲ့ မှတ်ဉာဏ်လုပ်ဆောင်မှုတွေ ထိခိုက်နိုင်ပါတယ်။ ဒါကြောင့် စာမေးပွဲနီးလို့ တစ်ညလုံး မအိပ်ဘဲ စာကျက်တာ၊ အလုပ်ပြီးအောင် ညတိုင်းအိပ်ချိန်လျှော့တာတွေဟာ ရေရှည်မှာ အကျိုးထက် အပြစ်ပိုများလာနိုင်ပါတယ်။

အိပ်ရေးမဝတာဟာ စိတ်ခံစားမှုကိုလဲ ထိခိုက်စေနိုင်ပါတယ်။ စိတ်တိုလွယ်လာတာ၊ စိတ်ဖိစီးမှုကို ခံနိုင်ရည်နည်းလာတာ၊ စိတ်ဓာတ်ကျတာနဲ့ စိုးရိမ်ပူပန်မှုတွေ ပိုမိုဖြစ်ပေါ်လာနိုင်ပါတယ်။ တစ်ဖက်မှာလဲ စိတ်ဖိစီးတာနဲ့ စိုးရိမ်ပူပန်မှုတွေကြောင့် အိပ်မပျော်တာ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် အိပ်စက်မှုနဲ့ စိတ်ကျန်းမာရေးဟာ အပြန်အလှန်ဆက်စပ်နေပါတယ်။

အသက်ကြီးလာတဲ့အခါ အိပ်စက်မှုပုံစံ ပြောင်းလဲလာတတ်တာလဲ ရှိပါတယ်။ သက်ကြီးရွယ်အို အချို့မှာ ညဘက်စောစောအိပ်ချင်လာတာ၊ မနက်စောစောနိုးလာတာ၊ ညဘက်မကြာခဏနိုးတာတွေ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့"အသက်ကြီးလာရင် အိပ်ချိန်မလိုတော့ဘူး"ဆိုတဲ့ ယူဆချက်က မမှန်ပါဘူး။ အသက်ကြီးသူတွေမှာလဲ လုံလောက်တဲ့ အိပ်စက်မှုလိုအပ်ပါတယ်။ အိပ်စက်မှုအရည်အသွေးမကောင်းတာကို အသက်ကြီးလာလို့ပဲဆိုပြီး လျစ်လျူမရှုသင့်ပါဘူး။ အထူးသဖြင့် ညဘက်မကြာခဏ ဆီးသွားရတာ၊ နာကျင်မှုရှိတာ၊ ဆေးဝါးအချို့ရဲ့ အာနိသင်၊ စိတ်ကျန်းမာရေးပြဿနာနဲ့ အိပ်စက်မှု ဆိုင်ရာရောဂါတွေကြောင့်လည်း အိပ်စက်မှု ပျက်စီးနိုင်ပါတယ်။ ဒါကြောင့် အိပ်ချိန်လုံလောက်ပေမဲ့ အမြဲတမ်းပင်ပန်းနွမ်းနယ်နေသူတွေဟာ အိပ်စက်မှု အရည်အသွေးတစ်ခုတည်းကိုပဲ မစဉ်းစားဘဲ အခြားကျန်းမာရေးအကြောင်းရင်းတွေကိုလည်း စစ်ဆေးဖို့ လိုအပ်နိုင်ပါတယ်။ ဥပမာ သွေးအားနည်းတာ၊ သိုင်းရွိုက်ဟော်မုန်းနည်းတာ၊ စိတ်ကျရောဂါ၊ ဆေးဝါးအချို့ရဲ့ ဘေးထွက်ဆိုးကျိုးနဲ့ အခြားနာတာရှည်ရောဂါတွေကြောင့်လဲ နေ့ခင်းဘက် ပင်ပန်းနွမ်းနယ်တာ ဖြစ်နိုင်ပါတယ်။

အိပ်စက်မှုကောင်းမွန်ဖို့ အရေးကြီးဆုံးက အိပ်ရာဝင်ချိန်နဲ့ အိပ်ရာထချိန်ကို တတ်နိုင်သမျှ ပုံမှန်ထားတာပဲ ဖြစ်ပါတယ်။ အလုပ်လုပ်တဲ့နေ့နဲ့ အားလပ်ရက်တွေမှာ အိပ်ချိန်အလွန်အမင်း ကွာခြားနေတာက ဇီဝနာရီကို ထိခိုက်စေနိုင်ပါတယ်။ မနက်ပိုင်းမှာ သဘာဝအလင်းရောင် ရရှိအောင်နေတာ၊ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်တာ၊ ညနေပိုင်း ကဖင်းဓာတ်ပါဝင်တဲ့ အဖျော်ယမကာတွေ သောက်သုံးမှုကို လျှော့ချတာ၊ အိပ်ရာဝင်ခါနီး အရက်သောက်တာနဲ့ အစာအလွန်အကျွံစားတာကို ရှောင်ကြဉ်တာတွေကလဲ အထောက်အကူပြုပါတယ်။

စာမျက်နှာ ၁၁ သို့ ➤

ရုပ်ရှင်အနုပညာရှင်များပါဝင်သည့် တေးဂီတဖျော်ဖြေပွဲကို ပုသိမ်မြို့ မြို့တော်ခန်းမရှေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



ပုသိမ် နိုဝင်ဘာ ၁၈

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမရှေ့တွင် ရုပ်ရှင်အနုပညာရှင်များ ပါဝင်သည့် တေးဂီတဖျော်ဖြေပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်ဖျော်ဖြေမည့် တေးသံရှင် ထွန်းထွန်း (Example) ထံမှ သိရသည်။

အဆိုပါ ရုပ်ရှင်အနုပညာရှင်များပါဝင်သည့် တေးဂီတဖျော်ဖြေပွဲကို MSMEs ဈေးရောင်းပွဲတော်၊ တန်ဆောင်တိုင်မီးမျှောပွဲ၊ နိဗ္ဗာန်ဈေးပွဲတော်များနှင့်အတူ နိုဝင်ဘာ ၂၂ ရက်မှ နိုဝင်ဘာ ၂၄ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် ထွန်းထွန်း(Example)၊J-Fire၊ Bobby Soxer၊ Miracle၊ နန်းခင်ဧယျာ၊ နွေးနွေးချစ်ဖွယ်နှင့် အနုပညာရှင်များ ပါဝင်မည်ဖြစ်ပြီး တေးသံရှင်များ၏ ဖျော်ဖြေမှုများကို 90's တေးဂီတအဖွဲ့နှင့် The Darkside တေးဂီတအဖွဲ့တို့က ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပုသိမ်မြို့မှာ MSMEs ဈေးရောင်းပွဲတော်၊ တန်ဆောင်တိုင်မီးမျှောပွဲ၊ နိဗ္ဗာန်ဈေးပွဲတော်နဲ့အတူ ကျွန်တော်တို့ ရုပ်ရှင်ဂီတအနုပညာမောင်နှမတွေ ပါဝင်တဲ့ တေးဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၂၂ ရက်ကနေ ၂၄ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာဖြစ်ပါတယ်" ဟု တေးသံရှင် ထွန်းထွန်း (Example) က ပြောပြသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် ထွန်းထွန်း(Example)၊J-Fire၊ Bobby Soxer၊ Miracle၊ နန်းခင်ဧယျာ၊ နွေးနွေးချစ်ဖွယ်နှင့် အနုပညာရှင်များ ပါဝင်မည်ဖြစ်ပြီး တေးသံရှင်များ၏ ဖျော်ဖြေမှုများကို 90's တေးဂီတအဖွဲ့နှင့် The Darkside တေးဂီတအဖွဲ့တို့က ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

Boutique ထိတ်လန့်သည်းဖို ဇာတ်ကား၌ မင်းသား ဆိုင်မွန်ပက် ပါဝင်လာ

နယူးယောက် နိုဝင်ဘာ ၁၈

Boutique အမည်ရှိ ထိတ်လန့်သည်းဖို ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဆိုင်မွန်ပက်ပါဝင်လာကြောင်း နိုဝင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

မင်းသား ဆိုင်မွန်ပက်သည် Boutique ဇာတ်ကား၌ မင်းသားကြီး ပေါဂီယာမက်တီနှင့်အတူ သရုပ်ဆောင်မည် ဖြစ်ကြောင်း သိရသည်။

Boutique ဇာတ်ကားသည် ပင်လယ်ကမ်းခြေ မြို့လေးတစ်မြို့ သို့ရောက်ရှိလာသည့် အမေရိကန် ခရီးသွားဇည့်သည်တစ်ဦးကြုံတွေ့ရမည့် ထိတ်လန့်တုန်လှုပ်ဖွယ် အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Boutique ဇာတ်ကားကို ဒါရိုက်တာ ဂျင်ဂါဗင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထု ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားပေးထားကြောင်း သိရသည်။

Boutique ဇာတ်ကား စတင် ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



စည်းရုပ်သံဇာတ်လမ်းတွဲကို HEY Play Application နှင့် Shwe Nadi Shwe Yi Entertainment Channel တို့မှ ထုတ်လွှင့်မည်

ရန်ကုန် နိုဝင်ဘာ ၁၈

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် စည်းရုပ်သံဇာတ်လမ်းတွဲကို HEY Play Application နှင့် Shwe Nadi Shwe Yi Entertainment Channel တို့မှ နိုဝင်ဘာ ၂၄ ရက်မှစတင်ကာ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း ဒါရိုက်တာ Peter ထံမှ သိရသည်။

အဆိုပါ စည်းရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အေးကြည်သာဟန်၊ ဧင်အောင်တို့က ရေးသားထားပြီး အေးကြည်သာဟန်၊ Soul Of Stars တို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ Peter က တာဝန်ယူ ပုံဖော် ရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"ယုံကြည်မှုကို သစ္စာဖောက်ခံရပြီး စည်းကျော်တဲ့အချစ်တစ်ခု ကြောင့် မိသားစုတစ်ခုလုံး ပြိုကွဲသွားတဲ့အခါ။ အချစ်ရဲ့အမှားက ဘဝတစ်ခုလုံးကို ပြောင်းလဲစေမလား။ အချစ်၊ သစ္စာဖောက်မှုနဲ့ နာကြည်းမှုတို့ကို ကြည့်ရှုရမဲ့ ဒရာမာ ရုပ်သံဇာတ်လမ်းတွဲကို HEY Play Applicationနဲ့ Shwe Nadi Shwe Yi Entertainment Channel တို့မှာ ထုတ်လွှင့်သွားမှာပါ"ဟု ဒါရိုက်တာ Peter က ပြောပြသည်။

စည်း ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ချမ်းမင်း ရဲထွဋ်၊ ဧင်အောင်၊ ရဲသွေးသီဟ၊ ဝိုင်းစုခိုင်သိန်း၊ သင်းသဲဇို၊ မြတ်ဝတ်ရည်သင်း၊ ကလေးသရုပ် ဆောင် သွန်းရတီဦးနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

Feed ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး ရိုဆာမန့်ပိုက်ပါဝင်မည်

နယူးယောက် နိုဝင်ဘာ ၁၈

Feed အမည်ရှိ ထိတ်လန့်သည်းဖို ရုပ်ရှင်ဇာတ်ကား၌ မင်းသမီး ရိုဆာမန့်ပိုက်ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း နိုဝင်ဘာ ၁၇ ရက် သတင်းများအရ သိရသည်။

ရိုဆာမန့်ပိုက်သည် Feed ဇာတ်ကား၌ အဓိကသရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်မည့်အပြင် ထုတ်လုပ်သူတစ်ဦးအဖြစ်လည်း တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

Feed ဇာတ်ကားသည် သမီးဖြစ်သူကို ကျော်ကြားသူတစ်ဦးအဖြစ် ပြောင်းလဲပေးခဲ့သော မိခင်တစ်ဦးကြုံတွေ့ရမည့် ထိတ်လန့်သည်းဖိုဖြစ်စဉ်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Feed ဇာတ်ကားကို ဒါရိုက်တာ လက်စလီဟက်လန်းက တာဝန်ယူရိုက်ကူးမည် ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒန်နီရယ်လာအိုင်းဆက်က ရေးသားပေးထားသည်။

ဒါရိုက်တာ လက်စလီဟက်လန်းသည် The Acolyte ဇာတ်ကား၊ Russian Doll ဇာတ်ကားတို့ကို ရိုက်ကူးခဲ့သော ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



á **စာမျက်နှာ ၁၀ မှအဆက်**

အိပ်ခန်းကို တိတ်ဆိတ်ပြီး သင့်တော်တဲ့အပူချိန်ရှိအောင် ပြင်ဆင်ထားတာ၊ အလင်းရောင်လျှော့ချတာနဲ့ အိပ်ရာကို အဓိကအားဖြင့် အိပ်စက်ဖို့ပဲ အသုံးပြုတာတွေကလဲ ကောင်းမွန်တဲ့ အိပ်စက်မှုအလေ့အကျင့်တွေ ဖြစ်ပါတယ်။

ဒါပေမဲ့ အိပ်မပျော်တာကြာနေသူတွေဟာ အိပ်စက်မှုအလေ့အကျင့် ပြင်ဆင်ရုံနဲ့ မလုံလောက်နိုင်ပါဘူး။ အိပ်မပျော်တာဟာ တစ်ပတ်မှာ အနည်းဆုံး သုံးညလောက်ကို သုံးလနဲ့အထက် ဆက်လက်ဖြစ်ပေါ်ပြီး နေ့စဉ်ဘဝကို ထိခိုက်နေတယ်ဆိုရင် ရေရှည်အိပ်မပျော်နိုင်တာ(Chronic Insomnia) ဖြစ်နိုင်ပါတယ်။ ဒီလိုအခြေအနေမှာ အကြောင်းရင်းကို စနစ်တကျအကဲဖြတ်ဖို့ လိုပါတယ်။

Chronic Insomnia အတွက် Cognitive Behavioral Therapy For Insomnia (CBT–I) ဟာ အဓိကအကြံပြုထားတဲ့ ကုသမှုနည်းလမ်းတစ်ခုဖြစ်ပါတယ်။ အိပ်ဆေးတွေကိုတော့ ကိုယ့်သဘောနဲ့ ရေရှည်သောက်သုံးတာမျိုး မလုပ်သင့်ပါဘူး။ အထူးသဖြင့် အသက်ကြီးသူတွေမှာ အိပ်ဆေးအချို့ကြောင့် နေ့ခင်းဘက် အိပ်ငိုက်တာ၊ မူးဝေတာ၊ လဲကျတာနဲ့ အခြားဘေးထွက်ဆိုးကျိုးတွေ ဖြစ်နိုင်ပါတယ်။

အိပ်စက်မှုကောင်းမွန်ဖို့ဆိုတာ ညဘက်အိပ်ရာဝင်ချိန်မှာမှ စတင်လုပ်ဆောင်ရတဲ့ ကိစ္စတစ်ခု မဟုတ်ပါဘူး။ မနက်အိပ်ရာထချိန်ကစပြီး တစ်နေ့တာအတွင်း နေထိုင်စားသောက်ပုံ၊ ကိုယ်လက်လှုပ်ရှားမှု၊ အလင်းရောင်ရရှိတာ၊ ကော်ဖီသောက်သုံးတာ၊ စိတ်ဖိစီးတာနဲ့ ညဘက် အလေ့အကျင့်တွေ အားလုံးနဲ့ ဆက်စပ်နေပါတယ်။ ကျန်းမာရေး ကောင်းမွန်ဖို့ အစားအသောက်ကို ဂရုစိုက်ကြပါတယ်။ လေ့ကျင့်ခန်း လုပ်ကြပါတယ်။ ကိုယ်အလေးချိန်ထိန်းကြပါတယ်။ သွေးပေါင်ချိန်နဲ့ သွေးတွင်းသကြားဓာတ်ကို စစ်ဆေးကြပါတယ်။

အိပ်စက်မှုကိုလဲ ကျန်းမာရေးရဲ့ အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုအဖြစ် သဘောထားသင့်ပါတယ်။ အိပ်ချိန် ရှစ်နာရီပြည့်ဖို့ ကြိုးစားတာက ကောင်းပါတယ်။ ဒါပေမဲ့ အိပ်ရာထဲမှာ ရှစ်နာရီနေခဲ့ရုံနဲ့ အိပ်စက်မှု ကောင်းမွန်ပြီလို့ မဆိုနိုင်ပါဘူး။ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နိုင်တာ၊ ညဘက် မကြာခဏမနိုးတာ၊ မနက်အိပ်ရာထချိန်မှာ လန်းဆန်းတာနဲ့ နေ့ခင်းဘက် ပုံမှန်နိုးကြားစွာ နေနိုင်တာတွေလဲ အရေးကြီးပါတယ်။ အိပ်ချိန်လုံလောက်ပေမဲ့ မနက်တိုင်း မလန်းဆန်းဘူး၊ နေ့ခင်းဘက် အလွန်အမင်း အိပ်ငိုက်တယ်၊ အိပ်နေစဉ် အသက်ရှူရပ်သွားသလိုဖြစ်တယ်ဆိုရင် ပေါ့ပေါ့တန်တန်မယူဆသင့်ပါဘူး။ အကြောင်းရင်းကို ရှာဖွေဖို့ လိုအပ်နိုင်ပါတယ်။

အိပ်စက်တာဟာ အလုပ်မလုပ်ဘဲ အချိန်ဖြုန်းနေတာ မဟုတ်ပါဘူး။ နောက်တစ်နေ့မှာ ခန္ဓာကိုယ်နဲ့ ဦးနှောက် ပုံမှန်လုပ်ဆောင်နိုင်ဖို့ ပြင်ဆင်ပေးနေတဲ့ အရေးကြီးတဲ့ဇီဝဖြစ်စဉ်တစ်ခုဖြစ်ပါတယ်။

စာရေးသူတို့ဟာ အလုပ်အတွက် အချိန်ပေးကြပါတယ်။ မိသားစုအတွက် အချိန်ပေးကြပါတယ်။ လူမှုရေးအတွက် အချိန်ပေးကြပါတယ်။ ဒါပေမဲ့ တစ်ခါတလေ အဲဒီအချိန်တွေကို ရရှိဖို့အတွက် အိပ်ချိန်ကိုပဲ လျှော့ချနေတတ်ကြပါတယ်။ အိပ်ချိန်ကို အမြဲတမ်းလျှော့ချပြီး ရရှိလာတဲ့အချိန်တွေဟာ ရေရှည်မှာ ကျန်းမာရေးအတွက် တန်ဖိုးကြီးတဲ့ အစားထိုးပေးဆပ်မှုတစ်ခု ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် အိပ်ချိန်ကို အလေးထားပါ။ အိပ်စက်မှုအရည်အသွေးကိုလဲ ဂရုစိုက်ပါ။

အိပ်ချိန်ပြည့်ဖို့သာမက အိပ်စက်မှုကောင်းမွန်ဖို့လဲ လိုပါတယ်။ ကောင်းမွန်တဲ့ မနက်ခင်းတစ်ခုဟာ မနေ့ညက ကောင်းမွန်တဲ့ အိပ်စက်မှုတစ်ခုနဲ့ စတင်ခဲ့လို့ပါပဲ။ ဒါကြောင့် လူတိုင်းလူတိုင်း ကျန်းမာရေးအတွက် အိပ်စက်မှုအရည်အသွေးကောင်းမွန်အောင် ဂရုပြုနေထိုင်သင့်ပါတယ်။

President of the Republic of the Union of Myanmar U Min Aung Hlaing delivers speech regarding state policies and overall situation of the country at the third regular session of the third Pyidaungsu Hluttaw

Nay Pyi Taw November 18

President of the Republic of the Union of Myanmar U Min Aung Hlaing delivered a speech regarding state policies and the overall situation of the country at the 11th day of the third regular session of the third Pyidaungsu Hluttaw held at 10 am today in accordance with Section 210 of the Constitution and Section 65 of the Union Hluttaw Law.

Present on the occasion in which the President of the State delivered the speech regarding state policies and the overall situation of the country during the 11th day of the third regular session of the Third Pyidaungsu Hluttaw were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, Speaker of Pyidaungsu Hluttaw and Amyotha Hluttaw U Aung Lin Dwe, Speaker of Pyithu Hluttaw U Khin Yi, Union Chief Justice U Tha Htay, Commander-in-Chief of Defence Services General Ye Win Oo, the chairman of Constitutional Tribunal, the chairman of Union Election Commission, members of union level organizations, the deputy speakers of Pyithu Hluttaw and Amyotha Hluttaw, union ministers, the Nay Pyi Taw Council chairman, deputy ministers, Hluttaw representatives and 300 other observers. Region/state chief ministers and speakers of region/state hluttaws, who are members of Myanmar Hluttaw, attended it through video conferencing.

The Pyidaungsu Hluttaw Speaker declared the meeting validly constituted and open as out of a total of 560 Pyidaungsu Hluttaw representatives eligible to attend the 11th day of the Third Regular Session of the Pyidaungsu Hluttaw, 540 representatives attended today's session, representing an attendance rate of 96.43 percent. Then the attendance status of the session was officially recorded upon receiving the approval of the Hluttaw.



President U Min Aung Hlaing delivers a speech regarding state policies and overall situation of Myanmar at the third regular session of the third Pyidaungsu Hluttaw.

Then the Pyidaungsu Hluttaw meeting was held in accordance with the agenda.

The Pyidaungsu Hluttaw Speaker invited President U Min Aung Hlaing to deliver the speech regarding state policies and the overall situation of the country.

In his speech regarding state policies and the overall situation of the country, President U Min Aung Hlaing said as it has now been 222 days since the new government assumed office, the speech is delivered to inform the esteemed hluttaw representatives about the government's accomplishments and the conditions of the country.

Attention must be paid to production development for GDP growth

The government in office has adopted two policies, and under the national policy, two national objectives have been set: national prosperity and food security. The political policy is to firmly establish a genuine, disciplined multi-party democratic system, and build a Union system based on democracy and federalism.

In any country, the government and the people favour national progress, which needs a robust economy. The economy of a country is measured by GDP, which is different from one country to another. The GDP of Myanmar in 2025 was about USD 83.17 billion and it ranked seventh among 11 ASEAN countries. The government has targeted the GDP to reach USD 98 billion this year. The GDP of Vietnam, an ASEAN member, was USD 494.05 billion in FY 2025-2026, that of Malaysia, USD 471.19 billion, that of Cambodia, USD 49.29 billion. Like Myanmar, they are agricultural countries.

Geographically, Myanmar is located among countries with large populations such as China with a population of over 1.4 billion, India, with over 1.4 billion, and Bangladesh, with over 160 million. Its location has created a lot of opportunities for the country's export business. So, serious attention must be paid to production development. The country should have information about its targeted market and should establish a firmer market for its exports. The country is now mainly exporting rice to other countries. Instead of relying only on one or two countries, the country must find other foreign markets.

A country's GDP is measured by three major sectors: agriculture, industry and services sectors. Myanmar is a country based on agriculture and livestock. Hence, the country needs to develop the agriculture and livestock sectors. In this way, it will be able to set up industries based on the said two sectors. From there, production will increase, and service sectors such as banking, transportation, and trade will also develop. Industries include rice mills, oil mills, gram splitting mills, sugar factories, and rubber factories. Electricity production is also included in industries.

Myanmar's economy is primarily based on agriculture and livestock breeding. Approximately 70 per cent of the country's population lives in rural areas. Of this population, around 50 per cent earn their livelihoods from agriculture, livestock breeding, forestry and fisheries. This demonstrates that the country's economy is largely driven by agriculture and livestock-related activities. Looking back at Myanmar's economy throughout successive periods, in addition to agricultural and livestock activities, the country also extracted, produced and exported above-ground and underground natural resources. As extensive logging activities were also carried out, forest coverage in Myanmar has now declined to only around 41 per cent. The government is making efforts to restore and conserve forests through tree planting, with the aim of increasing the country's total forest coverage to 50 per cent. Similarly, measures are being taken to ensure the sustainable management of mineral resources and prevent excessive extraction of non-renewable minerals.

In successive periods, the shortage of domestic products resulted in imbalances between exports and imports. Trade deficits were covered through non-trade sources of income, including foreign loans, grants, foreign investment and tax revenues. As a result of these practices, the country's external debt increased over the past decade. During the first democratically elected government from 2011 to 2016, the external deficit amounted to approximately US$12.1 billion. During the second democratically elected government from 2016 to 2021, the external deficit stood at approximately US$12.6 billion, bringing the total external deficit for the two periods to around US$24.7 billion. During its tenure, the current government repaid as much of the country's external debt as possible, reducing it to US$8.69 billion in the 2025-2026 FY. In repaying these external debts, the government did not receive any grants or loans from foreign sources. As of 30 September 2026, the country's external debt had further declined to US$8.5 billion.

To earn foreign exchange, it is essential to make every effort to increase domestic production. According to a World Bank report, approximately 16.4 million people, or 29.9 per cent of Myanmar's population, were living in poverty in 2025. Although the figures may contain some inaccuracies depending on the underlying data used, they are likely to be reasonably accurate to a certain extent.

To promote the development of rural areas, it is essential to establish and promote a rural-based economy. Myanmar has sufficient agricultural land as well as abundant water resources. Major rivers, including the Ayeyawady, Chindwin, Sittaong and Thanlwin, can provide adequate water for agricultural purposes. However, due to the country's inability to fully and effectively utilize these water resources, approximately 80 per cent of the water flows into the sea. Therefore, if the country's existing land and water resources are systematically utilized for agriculture and livestock breeding, agricultural and livestock production can be increased considerably beyond its current level. The key requirements are for everyone to make genuine efforts to work and for the State Government to create the necessary conditions and employment

See Page 13

From Page 12

opportunities for people to engage in productive activities.

Inviting foreign investments

Since assuming State responsibilities, I have continuously made efforts to promote the country's economic development. I have paid State-level goodwill visits to nine foreign countries and held economic forums in seven of them. During these economic forums, invitations were extended to encourage foreign investment in Myanmar, and some major countries have since held discussions with Myanmar and are taking steps towards cooperation. So far in 2026, 68 investment projects have been approved, creating 23,113 job opportunities. The government is responsible for establishing policies, laws, rules and regulations, while entrepreneurs are required to invest capital and generate employment opportunities and production. Hluttaw representatives should also study the relevant rules, regulations and laws and work towards enacting and implementing the necessary provisions to address existing requirements.

Reducing Commodity Prices

At present, one of the major challenges facing the country is the high cost of commodities. Historical experience shows that in any country, an imbalance between production and consumption leads to shortages of goods and rising commodity prices. High production costs can also contribute to higher commodity prices. Goods can only be made available through production, and without sufficient production, there will be no commodities to sell. Myanmar has an urban population of approximately 15 million, requiring around 15 million eggs for daily consumption. To meet this demand, approximately 20 million laying hens would be needed if the egg-laying rate were 80 per cent, around 22 million hens at a 70 per cent rate, and approximately 25 million hens at a 60 per cent rate. Taking this as an example, livestock breeding activities should be carried out effectively in each region to help reduce high commodity prices.

It can be observed that other countries have also successfully developed livestock breeding industries to support domestic food supplies. Myanmar must likewise ensure a balance between production and consumption. Animal feed should be produced using locally available agricultural by-products, such as broken rice, rice bran, maize and oilcake, to support livestock breeding activities in different regions. If the production of livestock products that contribute to food supplies can be increased while production costs are reduced, commodity prices will also decline. To support efforts to lower commodity prices, the government is also arranging freight train services to transport goods by rail at lower costs.

In view of the current global situation and the rising prices of fuel, tax exemptions have been granted on imported fuel to prevent domestic fuel prices from increasing excessively. Similarly, tax rates have been reduced on imported fertilizers to meet domestic demand. To bring down domestic commodity prices, it is essential to increase domestic production. In this regard, domestic entrepreneurs are encouraged to invest in and engage in agricultural and livestock production businesses to promote growth in domestic manufacturing and production.

At present, a Super El Niño phenomenon is occurring, resulting in abnormal weather conditions. As Myanmar is an agriculture-based country, climate abnormalities could adversely affect agricultural activities. The Super El Niño phenomenon is causing higher temperatures, and paddy fields ready for harvesting need to be harvested in a timely manner. Taking into account the possibility that climate abnormalities could affect agricultural activities and reduce crop yields, necessary measures should be taken to supply the domestic market with surplus agricultural products available within the country.

Quality Seeds, Fertile Soil, Water and Proper Cultivation Methods Essential for Agricultural Sector Development

The government is providing agricultural loans based on the types of crops cultivated to promote the development of the agricultural sector. Myanmar is primarily a rice-exporting country, and it exported 2.8 million tonnes of rice in the 2025-2026 FY. The exported volume also included broken rice. To secure a larger share of foreign markets, Myanmar must export high-quality rice. Therefore, farmers need to cultivate good-quality rice varieties.

The key factors in improving agricultural yields are access to good-quality and pure seeds, maintaining soil fertility, ensuring an adequate supply of irrigation and supplementary water, and adopting proper cultivation methods. In addition to using quality seeds, it is necessary to apply appropriate chemical and organic fertilizers, improve farmland conditions and systematically utilize water resources. In rice cultivation, yields can vary depending on the number of plants and panicles per unit of land, as well as the uniformity of plant growth throughout the field. Therefore, greater emphasis should be placed on systematic planting methods rather than broadcasting seeds.

During my visits to various regions and states and meetings with officials and members of the public, I learned that farmers were facing difficulties related to labour shortages and cultivation costs. In response, arrangements were made to enable farmers to use seed-feeding machines (Seed Feeders). Some farms in certain areas, including Mon State, Bago Region and Ayeyawady Region, have achieved successful results through mechanized cultivation. Therefore, it is necessary to continue raising farmers' awareness and providing practical support to ensure the effective application of agricultural technologies and machinery.

In summer paddy cultivation, not all available agricultural land has yet been effectively utilized, and some areas remain uncultivated. According to survey findings, some of these lands are being used to grow oil crops and pulses. Therefore, priority should be given to ensuring the availability of water resources to expand agricultural activities. In addition to the Ayeyawady, Chindwin, Sittaong and Thanlwin rivers, agricultural activities could be expanded by systematically identifying, developing and utilizing water resources from streams, creeks, canals and underground sources. Therefore, Hluttaw representatives are urged to assess and identify the difficulties encountered in agricultural and livestock activities, as well as the availability and requirements of water resources in their respective regions and states, when they return to their constituencies. They should give priority to reporting actual local conditions to the government and proposing necessary measures so that appropriate solutions can be implemented based on the needs of each area.

Efforts Needed to Preserve and Enhance the Quality and Reputation of Myanmar's Pawsan Rice and Strengthen Its Competitiveness in the International Market

စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန်လို

မိမိတို့နိုင်ငံအနေဖြင့် လောင်စာဆီနှင့် စားသုံးဆီကဏ္ဍတို့တွင် ပြည်ပမှ တင်သွင်းမှုအပေါ်မှီခိုနေရသည့် အခြေအနေများရှိနေဆဲဖြစ်ကြောင်း၊ ထိုသို့ နှစ်စဉ်ပမာဏများစွာတင်သွင်းနေရသဖြင့် နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ရေးအတွက် ပြည်တွင်း၌ ဆီထွက်သီးနှံများတိုးမြှင့်စိုက်ပျိုးထုတ်လုပ်သွားရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နှမ်း၊ မြေပဲ၊ နေကြာနှင့် ပဲပုပ် အပါအဝင် ဆီထွက်သီးနှံများကို ဒေသအလိုက်သင့်လျော်သည့် မြေယာနှင့် ရာသီဥတုအခြေအနေများအပေါ် မူတည်၍ တိုးချဲ့ စိုက်ပျိုးထုတ်လုပ်သင့်ကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများ အနေဖြင့်လည်း မိမိတို့ဒေသအလိုက် စားသုံးဆီဖူလုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍စိစစ်ပြီး လိုအပ်သည်များကို ထောက်ပြပြောဆိုသွားရန် လိုအပ်ကြောင်း။

ရော်ဘာ၊ ကော်ဖီနှင့် ကိုကိုးစိုက်ပျိုး ထုတ်လုပ်မှုများ တိုးချဲ့၍ ပြည်ပပို့ကုန်ဝင်ငွေမြှင့်တင်ရန်လို

မြန်မာနိုင်ငံတွင် ရော်ဘာစိုက်ပျိုးမှုအတွက် လက်ရှိအသုံးပြုနေသည့် မြေဧရိယာများအပြင် ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်သည့် မြေဧရိယာများလည်းရှိနေကြောင်း၊ ဝါစိုက်ပျိုးရေးနှင့် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း တိုးချဲ့ဆောင်ရွက်နိုင်သည့်အလားအလာများရှိကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံတွင် ပေ ၃၀၀၀ အထက်ကုန်းမြင့်ဒေသများ၌ စိုက်ပျိုးထုတ်လုပ်သည့် အာရေဗီကာကော်ဖီသည် အရည်အသွေးကောင်းမွန်ပြီး နိုင်ငံတကာဈေးကွက်တွင် တန်ဖိုးမြင့်မားသည့်ထုတ်ကုန်တစ်ခုဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအပါအဝင် သင့်လျော်သည့်ဒေသများ၌ ကော်ဖီစိုက်ပျိုးမှုကို ထပ်မံတိုးချဲ့နိုင်သည့် အလားအလာရှိကြောင်း၊ ယခင်ကပြင်ဦးလွင်နှင့် နောင်ချိုဒေသများ၌ ကော်ဖီစိုက်ပျိုးရန်မြေနေရာများ ခွင့်ပြုနေရာချထားပေးခဲ့သော်လည်း လက်တွေ့စစ်ဆေးသည့်အချိန်တွင် သတ်မှတ်ထားသည့် ရည်ရွယ်ချက်အတိုင်း ကော်ဖီစိုက်ပျိုးခြင်းမရှိဘဲ အခြားလုပ်ငန်းများအတွက် အသုံးပြုနေသည့်အခြေအနေများကို တွေ့ရှိခဲ့ရကြောင်း၊ အချို့နေရာများတွင် လူနေအိမ်များ၊ မွေးမြူရေးခြံများနှင့် အပန်းဖြေခန်းများတည်ဆောက်ထားသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ခွင့်ပြုထားသည့် မြေယာများကို ရည်ရွယ်ချက်အတိုင်း အမှန်တကယ်အသုံးချမှု ရှိ/မရှိ စစ်ဆေးကြပ်မတ်ရန် လိုအပ်ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံ၌ ကိုကိုးစိုက်ပျိုးထုတ်လုပ်မှုကိုလည်း အလားအလာရှိသည့် စီးပွားရေး






လုပ်ငန်းတစ်ခုအဖြစ် ဖော်ဆောင်နိုင်ကြောင်း၊ ကိုကိုးသည် ချောကလက်ထုတ်လုပ်ရာတွင် အဓိကအသုံးပြုသည့်ကုန်ကြမ်းဖြစ်ပြီး နိုင်ငံတကာဈေးကွက်တွင် တန်ဖိုးမြင့်မားသည့်ထုတ်ကုန်ဖြစ်ကြောင်း၊ ရော်ဘာ၊ဆီအုန်း၊ဒူးရင်းနှင့် အခြားနှစ်ရှည်ပင် စိုက်ခင်းများအတွင်း သင့်လျော်သည့် နေရာများ၌ ကြားညှပ်စိုက်ပျိုးနိုင်သည့် အလားအလာများရှိသဖြင့် သက်ဆိုင်ရာဒေသများအနေဖြင့် ကိုကိုးစိုက်ပျိုးထုတ်လုပ်မှုကိုတိုးချဲ့ဆောင်ရွက်နိုင်ရေးကြိုးပမ်းသင့်ကြောင်း။

MSME လုပ်ငန်းများကို ဒေသထွက်ကုန်ကြမ်းအခြေခံ၍ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်ရန်လို

အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME)သည် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ယင်းလုပ်ငန်းများသည် ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးနှင့် ဒေသတွင်း စီးပွားရေးလည်ပတ်မှုအားကောင်းစေရေးတို့အတွက် အထောက်အကူပြုနိုင်ကြောင်း၊ သက်ဆိုင်ရာကာလအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ၄၅ ကြိမ်သွားရောက်၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်တိုက်တွန်းဆွေးနွေးကူညီဆောင်ရွက်ခဲ့ကြောင်း၊ ဒေသအလိုက်ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံ၍ ချည်ထည်လုပ်ငန်း၊ အသုံးအဆောင် ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ရော်ဘာအခြေခံ စက်မှုလုပ်ငန်းများကို ဖော်ဆောင်နိုင်ကြောင်း၊ ဥပမာအားဖြင့် ပြည်တွင်း၌ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်အရေအတွက် များပြားလာသည့်အတွက် လိုအပ်နေသည့် တာယာနှင့်ကျွတ်များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းရမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ရော်ဘာစိုက်ပျိုးသည့်ဒေသများတွင် ရော်ဘာကုန်ကြမ်းကိုအခြေခံသည့် စက်မှုလုပ်ငန်းများ တည်ထောင်နိုင်ရေး တိုက်တွန်းဆောင်ရွက်သင့်ကြောင်း၊ ထို့အတူ ဝါစိုက်ပျိုးသည့် ဒေသများတွင် ဝါကုန်ကြမ်းကိုအခြေခံသည့် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ကရင်ပြည်နယ်တွင် ဖိနပ်စက်ရုံတည်ထောင်၍ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် တာယာနှင့်ကျွတ်များ ထုတ်လုပ်ရန် စီစဉ်ဆောင်ရွက်နေခြင်းတို့ကဲ့သို့ ရထားလမ်းများမကောင်းပါကလည်း သတ်မှတ်အရှိန်အဝိုင်းမောင်းနှင်၍ ရနိုင်မည်မဟုတ်ကြောင်း၊ ရထားလမ်းများနှင့် အခြေခံအဆောက်အအုံများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အဆင့်မြှင့်တင်ရန် လိုပြီး ရထားလမ်းများတွင် ကျောက်များဖြည့်တင်းခြင်း၊ ဇလီဖားတုံးများ စနစ်တကျတပ်ဆင်ခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ခြင်းတို့သည် ရထားပြေးဆွဲမှုဘေးကင်းလုံခြုံရေးနှင့် အမြန်နှုန်းမြှင့်တင်နိုင်ရေးတို့အတွက် အရေးကြီးကြောင်း။

ရန်ကုန်-မန္တလေး ရထားလမ်းအပါအဝင် ရန်ကုန်-ပြည်၊ ရန်ကုန်-မော်လမြိုင်နှင့် မော်လမြိုင်-ရေး ရထားလမ်းများကို



လမ်းပန်းဆက်သွယ်ရေးနှင့် ရထားလမ်းများ အဆင့်မြှင့်တင်ခြင်းဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေး ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်ရန်လို

နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည်လည်းအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ မော်တော်ယာဉ်များမည်မျှကောင်းမွန်နေသည်ဖြစ်စေ လမ်းများကောင်းမွန်မှုမရှိပါက အရှိန်လျှော့မောင်းနှင်နေရမည်ဖြစ်သကဲ့သို့ ရထားလမ်းများ သတ်မှတ်အရှိန်အဝိုင်းမောင်းနှင်၍ ရနိုင်မည်မဟုတ်ကြောင်း၊ ရထားလမ်းများနှင့် အခြေခံအဆောက်အအုံများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အဆင့်မြှင့်တင်ရန် လိုပြီး ရထားလမ်းများတွင် ကျောက်များဖြည့်တင်းခြင်း၊ ဇလီဖားတုံးများ စနစ်တကျတပ်ဆင်ခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ခြင်းတို့သည် ရထားပြေးဆွဲမှုဘေးကင်းလုံခြုံရေးနှင့် အမြန်နှုန်းမြှင့်တင်နိုင်ရေးတို့အတွက် အရေးကြီးကြောင်း။

မြန်မာ့မီးရထားကဏ္ဍတွင် ပြည်တွင်း၌ ရထားတွဲများထုတ်လုပ်နိုင်ရေးနှင့် ကျွမ်းကျင်လူစွမ်းအား အရင်းအမြစ်များမွေးထုတ်ရေး ဆောင်ရွက်ရန်လို

မြန်မာ့မီးရထားလုပ်ငန်းသည် နှစ်ပေါင်း ၁၅၀ နီးပါး သက်တမ်းရှိလာပြီဖြစ်သော်လည်း ရထားပို့ဆောင်ရေးဆိုင်ရာအရည်အသွေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့၌လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း၊ ယခင်ကပြည်ပနိုင်ငံများမှ ရထားတွဲများ ဝယ်ယူတင်သွင်းအသုံးပြုခဲ့ရသော်လည်း ပြည်တွင်း၌ရထားတွဲတည်ဆောက်ထုတ်လုပ်နိုင်သည့် စက်ရုံနှင့် အခြေခံစွမ်းဆောင်ရည်များရှိနေသဖြင့် ပြည်တွင်းအင်ဂျင်နီယာများ၏ နည်းပညာစွမ်းရည်ကို အသုံးချ၍ရထားတွဲများကို ပြည်တွင်း၌ ကိုယ်တိုင်ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ နည်းပညာစွမ်းရည်တိုးတက်လာစေရုံသာမက နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မိတ္ထီလာမြို့ရှိဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်းကို မြန်မာ့မီးရထားပို့ဆောင်ရေးသိပ္ပံ(Government Railway Institute)အဖြစ် အဆင့်မြှင့်တင်၍ သုံးနှစ်သင်တန်းများဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသင်တန်းမှတစ်ဆင့် ရထားလမ်းဆိုင်ရာနည်းပညာ၊စက်မှုအင်ဂျင်နီယာ၊ လျှပ်စစ်အင်ဂျင်နီယာနှင့် အုပ်ချုပ်မှုဆိုင်ရာပညာရပ်များတွင် ကျွမ်းကျင်သည့် လူစွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်ထားကြောင်း၊ မြန်မာ့မီးရထားကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရှင်များနှင့် ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်ပေးခြင်းအပြင် သုတေသနလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရထားလမ်း၊ ရထားတွဲ၊ စက်ခေါင်းနှင့် ပို့ဆောင်ရေးစနစ်များဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရထားသုတေသနဌာနတစ်ခု ဖွင့်လှစ်ရန် စီစဉ်ထားပြီး **စာမျက်နှာ ၁၉ သို့**

စာမျက်နှာ ၁၈ မှအဆက်

ယင်းဌာနမှတစ်ဆင့် ရထားပို့ဆောင်ရေးဆိုင်ရာနည်းပညာနှင့် လုပ်ငန်းစဉ်များကို လေ့လာသုတေသနပြု၍ လိုအပ်သည့် တိုးတက်ပြောင်းလဲမှုများကို အကောင်အထည်ဖော်နိုင်ရန်ရည်ရွယ်ထားကြောင်း။

လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် လျှပ်စစ်ဓာတ်အားကဏ္ဍသည်လည်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး လက်ရှိတွင်လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတိုးမြှင့်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ ရေအားလျှပ်စစ်ထုတ်လုပ်မှု၊ လေအားလျှပ်စစ်ထုတ်လုပ်မှု၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို နေရာဒေသအလိုက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိတို့အစိုးရ တာဝန်ထမ်းဆောင်ချိန်ငါးနှစ်အတွင်း မဂ္ဂါဝပ် ၅၀၀၀ ကျော်ထိ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံနိုင်သည့် ပြည်တွင်းလုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ်ပါကြောင်း၊ ထို့ပြင် မြန်မာ့ကမ်းလွန်ဒေသလုပ်ကွက်များရှိ ကမ်းလွန်သဘာဝဓာတ်ငွေ့သိုက်များမှ ဓာတ်ငွေ့များ ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့၌ 5G ဆက်သွယ်ရေးစနစ်ကို စတင်စမ်းသပ်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ယင်းအောင်မြင်မှုအပေါ်အခြေခံ၍ နိုင်ငံတစ်ဝန်း 5G စနစ်သို့ ပြောင်းလဲအသုံးပြုနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အခွန်အခများအပြည့်အဝရရှိရေး

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အခွန်အခများအပြည့်အဝရရှိရေးသည်အရေးကြီးကြောင်း၊ နိုင်ငံ့ဝင်ငွေ၏ အဓိကရင်းမြစ်တစ်ခုဖြစ်သည့် အခွန်ငွေကောက်ခံရရှိမှုနှင့် ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP) အချိုးမှာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ၈ ဒသမ ၅၅ ရာခိုင်နှုန်းရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ၉ ဒသမ ၅ ရာခိုင်နှုန်းထိ ရောက်ရှိနိုင်ရန်ရည်မှန်းထားကြောင်း၊ အခွန်နှုန်းထား(Tax Rate) တိုးမြှင့်ခြင်းထက် အခွန်ကောက်ခံမှုနယ်ပယ် (Tax Space) များ ကျယ်ပြန့်လာစေရေးကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အခွန်ကောက်ခံမှုနယ်ပယ် ကျယ်ပြန့်လာခြင်းဖြင့် နိုင်ငံတော်ဝင်ငွေတိုးတက်လာမည်ဖြစ်သကဲ့သို့ ဝန်ထမ်းလစာနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း အထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်း။





ထုတ်လုပ်မှုနှင့်ကုန်သွယ်မှု တိုးမြှင့်ရန်လိုအပ်သကဲ့သို့ တရားမဝင်ကုန်သွယ်မှုများကိုလည်း တိုက်ဖျက်ရန်လို

နိုင်ငံတော်ဝင်ငွေ တိုးတက်ရရှိရေးအတွက် ပြည်တွင်းထုတ်လုပ်မှုများတိုးမြှင့်ရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်လိုအပ်ကြောင်း၊ ကုန်သွယ်မှုတွင် နယ်စပ်ကုန်သွယ်ရေးနှင့် ပုံမှန်ကုန်သွယ်ရေးဟူ၍နှစ်မျိုးရှိပြီး တရားဝင်ကုန်သွယ်ရေလမ်းကြောင်းများမှ တစ်ဆင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရေးနှင့် စနစ်တကျကုန်သွယ်နိုင်ရေးကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လက်ရှိတွင် နယ်စပ်ဒေသအချို့၌ တရားဝင်ကုန်သွယ်ရေး လုပ်ငန်းများ အပြည့်အဝ ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် အခြေအနေများရှိနေပြီး တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်၏ အခွန်ရငွေကိုထိခိုက်နိုင်သည့်အပြင် တရားမဝင်နယ်စပ်ဂိတ်များမှ တစ်ဆင့် လက်နက်ကိုင် အဖွဲ့အစည်းများအတွက် ငွေကြေးအထောက်အပံ့များ ရရှိနိုင်သည့် အခြေအနေများလည်း ရှိနေကြောင်း၊ ထို့ကြောင့် တရားဝင်ကုန်သွယ်ရေးလမ်းကြောင်းများကိုသာ အသုံးပြုစေရေးနှင့် တရားမဝင်ကုန်သွယ်မှုများကို ထိန်းချုပ်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့ဒေသများတွင် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် အားပေးတိုက်တွန်းကြရန် လိုအပ်ကြောင်း။

ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရေးဆောင်ရွက်

ကျန်းမာရေးကဏ္ဍတွင် “ဆေးရုံရှိပါက ဆရာဝန်ရှိရမည်”ဟူသည့် မူဝါဒဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံရေးအပြောင်းအလဲကာလတွင် ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းခွင်မှထွက်ခွာမှုများကြောင့် ဆေးရုံဆေးခန်းများတွင် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ရာ၌ အခက်အခဲများ ကြုံတွေ့ခဲ့ရကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ ပြန်လည် တာဝန်ထမ်းဆောင်နိုင်ရေး ဖိတ်ခေါ်ခဲ့ရာ အချို့ပြန်လည်ဝင်ရောက်လာခဲ့သော်လည်း လိုအပ်ချက်များ ဆက်လက်ရှိနေခဲ့ကြောင်း၊ ထိုကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့် ကျန်းမာရေးဝန်ထမ်းအင်အားလိုအပ်မှုတို့ကြောင့် အခက်အခဲများ ကြုံတွေ့ခဲ့ရပြီး တပ်မတော်မှ ဆရာဝန်၊ သူနာပြုများနှင့် အငြိမ်းစားကျန်းမာရေးဝန်ထမ်းများကို ပြန်လည်ခေါ်ယူကာ ဒေသအသီးသီးသို့ ဖြန့်ခွဲတာဝန်ပေးအပ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်ခဲ့ကြောင်း၊ ဆရာဝန်များ ခန့်ထားနိုင်ရေးတွင်လည်း ဆေးတက္ကသိုလ်များမှဘွဲ့ရရှိသည့် ဆရာဝန်အင်အားကို ဖြည့်တင်းဆောင်ရွက်လျက်ရှိပြီး အထူးကုဆရာဝန်များ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အထူးကုဆရာဝန် မလုံလောက်သေးသည့် ဒေသများ၌ အထွေထွေရောဂါကုဆရာဝန်များကိုခန့်အပ်ထားပြီး ဆေးရုံများတွင် ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ သူနာပြုအင်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် သူနာပြုပြည့်စုံမှုရှိအောင် ဖြည့်ဆည်းပေးရန် လိုကြောင်း။

ပညာရေးကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး

ပညာရေးကဏ္ဍနှင့်ပတ်သက်၍လည်း အခြေခံပညာကျောင်းများအားလုံးဖွင့်လှစ်နိုင်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားခွင့်ရရှိရေးနှင့် ဆရာ၊ ဆရာမ အင်အားလုံလောက်စေရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများအနက် ဖွင့်လှစ်နိုင်သည့်ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများအားလုံး ပုံမှန် တက်ရောက်ပညာသင်ကြားနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံရေး အပြောင်းအလဲကာလအတွင်း မူလတန်းပြမှ တက္ကသိုလ်ပါမောက္ခအဆင့်ထိ အင်အားတစ်သိန်းနှစ်သောင်းကျော် DCS လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသဖြင့် ဆရာအင်အားနှင့် ကျောင်းသားအချိုးအပေါ် သက်ရောက်မှုရှိခဲ့ကြောင်း၊ သင်ကြားရေးဝန်ထမ်းလိုအပ်ချက်များနှင့် သင်ကြားရေးအခြေခံအဆောက်အအုံနှင့် မြေနေရာအခက်အခဲများနှင့်ပတ်သက်၍လည်း နိုင်ငံတော်က လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ပညာရေးကောလိပ်များ၏ အဆင့်အတန်းမြှင့်တင်ရေး၊ ဆရာအတတ်ပညာသင်ကြားမှု အရည်အသွေးတိုးတက်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ၏ပညာရေးအခွင့်အလမ်းများ ပိုမိုကောင်းမွန်လာစေရေး တို့ကိုဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူငယ်များ၏ စည်းကမ်းနှင့် နိုင်ငံသားကောင်းစိတ်ဓာတ်ဖွံ့ဖြိုးရေး

ပညာရေးသည် စာပေသင်ကြားပေးရုံသာမက လူငယ်များ၏စည်းကမ်း၊ အကျင့်စာရိတ္တနှင့် နိုင်ငံသားကောင်းစိတ်ဓာတ်များ ဖွံ့ဖြိုးလာစေရေးအတွက်လည်း အရေးကြီးကြောင်း၊ ကျောင်းသားကျောင်းသူများကို အချိန်မှန်ကျောင်းတက်ခြင်း၊ စာသင်ခန်းအတွင်း စည်းကမ်းတကျနေထိုင်ခြင်း၊ ဆရာ၊ ဆရာမများကို ရိုသေလေးစားခြင်း၊ နိုင်ငံတော်အလံနှင့် နိုင်ငံတော်သီချင်းကို လေးစားတန်ဖိုးထားခြင်း စသည့်အလေ့အကျင့်ကောင်းများကို ငယ်စဉ်ကတည်းက လေ့ကျင့်ပေးရန်လိုအပ်ကြောင်း၊ လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် စည်းကမ်းလိုက်နာမှုတို့ကို မြှင့်တင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်အတွက် အကျိုးပြုနိုင်မည်ဖြစ်သည့်အတွက် ပညာရေးစနစ်မှတစ်ဆင့် လူငယ်များ၏ အတွေးအခေါ်နှင့် အပြုအမူများတိုးတက်ကောင်းမွန်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ ဖြည့်ဆည်း

ပညာရေးကဏ္ဍနှင့် ဆက်စပ်၍ တစ်ဆက်တည်းတွင် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားကွင်း၊ အားကစားရုံ၊ ရေကူးကန်နှင့် အခြားအားကစားဆိုင်ရာ အခြေခံအဆောက်အအုံများလိုအပ်လျက်ရှိကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အားကစားကွင်းများ၊ ဘောလုံးကွင်းများနှင့် ရေကူးကန်များ တည်ဆောက်ပေးလျက်ရှိပြီး အားကစားဆိုင်ရာ အခြေခံအဆောက်အအုံများပြည့်စုံမှုမရှိသေးသည့် ဒေသများတွင်လည်း အဆင့်လိုက်ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရှိပြီးဖြစ်သည့်အားကစားကွင်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ရေရှည်တည်တံ့မှုရှိစေရေးစနစ်တကျဖြင့် အစဉ်အဆက်ထိန်းသိမ်းကြရန်နှင့် အားကစားပြုလုပ်ရန်အတွက် သင့်လျော်သည့်ပတ်ဝန်းကျင်ဖြစ်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊

စာမျက်နှာ ၂၀ သို့

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတိုးမြှင့်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ ရေအားလျှပ်စစ်ထုတ်လုပ်မှု၊ လေအားလျှပ်စစ်ထုတ်လုပ်မှု၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို နေရာဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိတို့အစိုးရတာဝန်ထမ်းဆောင်ချိန် ငါးနှစ်အတွင်း မဂ္ဂါဝပ် ၅၀၀၀ ကျော်ထိ တိုးမြှင့်ထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိ . . .

ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့၌ 5G ဆက်သွယ်ရေးစနစ်ကို စတင်စမ်းသပ်ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့၊ ယင်းအောင်မြင်မှုအပေါ်အခြေခံ၍ နိုင်ငံတစ်ဝန်း 5G စနစ်သို့ ပြောင်းလဲအသုံးပြုနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ် . . .

စာမျက်နှာ ၁၉ မှအဆက်

အားကစားသမားများ လေ့ကျင့်ရေးအတွက် အားကစားနည်းအလိုက် လေ့ကျင့်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးသွားရန်လိုကြောင်း။

ထို့ပြင် အားကစားသမားများ၏ စွမ်းရည်တိုးတက်ရေးအတွက် နည်းစနစ်ပိုင်းဆိုင်ရာနည်းပြများနှင့် ကြံ့ခိုင်ရေးနည်းပြများလိုအပ်ပြီး အားကစားအမျိုးအစားအလိုက် လေ့ကျင့်မှုနည်းစနစ်များ မတူညီသည့်အတွက် ကျွမ်းကျင်သည့် နည်းပြများဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးရန်လိုအပ်ကြောင်း၊ အားကစားပြိုင်ပွဲများတွင် ပရိသတ်များ ပါဝင်အားပေးမှုသည်လည်း အားကစားသမားများ၏ စိတ်ဓာတ်နှင့် ကြိုးစားအားထုတ်မှုကို အထောက်အကူ ဖြစ်စေသည့်အတွက် စည်းကမ်းတကျလာရောက်အားပေးသည့် အားကစားပရိသတ်များ ပိုမိုများပြားလာစေရေး ဆောင်ရွက်ပေးသွားရန်လည်း လိုအပ်ကြောင်း။

အနုပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများ ပြန်လည်မြှင့်တင်

အနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်နှင့် မန္တလေးမြို့များရှိ အနုပညာဆိုင်ရာ အဆောက်အအုံများနှင့် ဇာတ်ရုံများကို ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖျော်ဖြေတင်ဆက်နိုင်မည့်နေရာများ လိုအပ်နေသည့်အတွက် ဇာတ်ရုံများနှင့်သင့်လျော်သည့် အဆောက်အအုံများ ပြည့်စုံစေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး

မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာစွာဖော်ဆောင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးတို့ကို နိုင်ငံရေးရည်မှန်းချက်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်တော်ဆိုသည်မှာ ပြည်သူများ၏ကိုယ်စားလှယ်များက ဒေသအလိုက် လိုအပ်ချက်များနှင့် သဘောထားအမြင်များကို တင်ပြဆွေးနွေးနိုင်သည့် တရားဝင်နိုင်ငံရေးစင်မြင့် တစ်ခုဖြစ်ကြောင်း၊ သို့ဖြစ်၍ ပါတီငယ်များနှင့် တိုင်းရင်းသားပါတီများ အနေဖြင့်လည်း လွတ်တော်အတွင်း ကိုယ်စားပြုပါဝင်ခွင့်ရရှိစေရန် PR စနစ်ကို မိမိတို့တာဝန်ယူသည့် ကာလအတွင်း ထည့်သွင်းကျင့်သုံးစေခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ လွတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မိမိတို့ဒေသ၏အခြေအနေများကို မှန်မှန်ကန်ကန်သိရှိပြီး လိုအပ်သည်များကို တင်ပြတောင်းဆိုနိုင်ကြရန် လိုကြောင်း။

တင်ပြဆွေးနွေးမှုများနှင့်ပတ်သက်၍ ဒီမိုကရေစီစနစ်တွင် သဘောထားအမြင်ကွဲပြားမှုများ ရှိနိုင်မည်ဖြစ်သော်လည်း ယင်းတို့ကို အပြုသဘောဆောင်သည့် ဆွေးနွေးညှိနှိုင်းမှုများဖြင့် ဖြေရှင်းသွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ လူအများစု၏ ဆန္ဒကို လေးစားလိုက်နာသကဲ့သို့ လူနည်းစု၏ သဘောထားဆန္ဒကိုလည်း အလေးထားရန် လိုအပ်မည်ဖြစ်ကြောင်း။

ထာဝရငြိမ်းချမ်းရေးရရှိရေး ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်မည်

ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လာမည့်ကာလအတွင်း ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၈ ခုနှစ် ပြည်ထောင်စုနေ့ ဝန်းကျင်ကာလအတွင်း ငြိမ်းချမ်းရေးညီလာခံတစ်ရပ်ကို ကျင်းပနိုင်ရေးစီစဉ်ထားရှိပြီး ယင်းလုပ်ငန်းစဉ်အခြေခံအဆောက်အအုံ၊ လမ်းတံတား၊ ဆက်သွယ်ရေးကွန်ရက်နှင့် ရထားလမ်းများအပါအဝင် အခြေခံအဆောက်အအုံများစွာ ထိခိုက်ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ သက်ဆိုင်ရာဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ စာရင်းပြုစုတင်ပြချက်အရ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၁၃၉၈ ဒသမ ၂၅၁ ဘီလီယံရှိကြောင်း၊ အဆိုပါ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်တည်ဆောက်ရန်အတွက် ဘဏ္ဍာငွေများစွာ လိုအပ်မည်ဖြစ်ပြီး အချို့ဒေသများတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အခက်အခဲများရှိနေဆဲဖြစ်ကြောင်း၊ ပျက်စီးခဲ့သည့် အခြေခံအဆောက်အအုံများကို ပြန်လည်တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခများအတွင်း PDF အမည်ခံအကြမ်းဖက်သမားများနှင့်အချို့ EAO အဖွဲ့များ၏ အကြမ်းဖက်မှုများကြောင့် ပြည်သူပိုင် အဆောက်အအုံများနှင့် ပိုင်ဆိုင်မှုများ ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရကြောင်း၊ ထို့ကြောင့် လက်ရှိပဋိပက္ခများနှင့် ပတ်သက်၍ အချို့လက်နက်ကိုင်အဖွဲ့ အစည်းများ၏ လုပ်ဆောင်ချက်များကို သေချာစွာ သုံးသပ်ရှုမြင်နိုင်ရန်လိုအပ်ကြောင်းနှင့် နိုင်ငံရေးပြဿနာများကို ဖြေရှင်းရာတွင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွားဘဝများ ထိခိုက်နစ်နာမှုမရှိစေရေးကို အလေးထားရန် လိုအပ်ကြောင်း။

ဖက်ဒရယ်စနစ်တွင် ပေါင်းစည်းနေထိုင်ရေးနှင့် အာဏာခွဲဝေကျင့်သုံးရေး အရေးကြီးပြီး လူမျိုးအခြေခံထက် ဒေသအခြေခံသည့် ဖက်ဒရယ်စနစ်ကို ဦးစားပေးရန်လို

ဖက်ဒရယ်စနစ်နှင့် ပတ်သက်၍ အခြေခံအားဖြင့် ပေါင်းစည်းနေထိုင်ခြင်းနှင့် အာဏာခွဲဝေသုံးစွဲခြင်းဟူသည့် အချက်နှစ်ချက် ပါဝင်ကြောင်း၊ ပြည်ထောင်စုအတွင်း အတူတကွ ပေါင်းစည်းနေထိုင်ကြပြီး ဗဟိုအစိုးရမှ ဒေသအဆင့်ထိ အာဏာများကိုခွဲဝေကျင့်သုံးခြင်းသည် ဖက်ဒရယ်စနစ်၏ မရှိမဖြစ်လိုအပ်သည့် အခြေခံသဘောတရားဖြစ်ကြောင်း၊ အိန္ဒိယ၊ မလေးရှား၊ အမေရိကန်၊ ဩစတြေးလျ၊ ဂျာမနီနှင့် ဆွစ်ဇာလန်နိုင်ငံတို့အပါအဝင် ကမ္ဘာပေါ်၌ ဖက်ဒရယ်စနစ်ကျင့်သုံးသည့် နိုင်ငံများအများအပြားရှိကြကြောင်း၊ ယင်းနိုင်ငံများတွင်လည်း ၎င်းတို့၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖက်ဒရယ်စနစ်ကို ကျင့်သုံးလျက်ရှိကြကြောင်း၊ ဖက်ဒရယ်စနစ်တွင် ဒေသကိုအခြေခံသည့်ပုံစံနှင့် လူမျိုးကိုအခြေခံသည့်ပုံစံဟူ၍ ခွဲခြားစဉ်းစားနိုင်ကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် ဖက်ဒရယ်ပြည်နယ်များကို ဖွဲ့စည်းရာ၌ ဒေသအခြေခံသည့်ပုံစံကို အများအားဖြင့် ကျင့်သုံးကြပြီး လူမျိုးတစ်မျိုးတည်းကို အခြေခံ၍ ဖွဲ့စည်းထားခြင်းမဟုတ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင်လည်း လူမျိုးကိုအခြေခံသည့် ဖက်ဒရယ်စနစ်ထက် ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ဦးစားပေးဖော်ဆောင်သွားမည်ဖြစ်ကြောင်း။

ဥပမာအားဖြင့် ကချင်ပြည်နယ်တွင် ကချင်၊ ရှမ်းနှင့် ဗမာတိုင်းရင်းသားများ အတူတကွ နေထိုင်ကြပြီး ရှမ်းနှင့် ဗမာလူဦးရေပေါင်းစပ်မှုမှာ ကချင်လူဦးရေထက် ပိုမိုများပြားကြောင်း၊ ရှမ်းပြည်နယ်တွင်လည်း ရှမ်း၊ 'ဝ'၊ ပလောင်၊ ခန့၊ အင်းသားနှင့် ပအိုဝ်းအပါအဝင် တိုင်းရင်းသားလူမျိုးများစွာ အတူတကွ နေထိုင်ကြကြောင်း၊ အလားတူ ကရင်ပြည်နယ်တွင် ကရင်၊ မွန်နှင့် ဗမာတိုင်းရင်းသားများ၊ မွန်ပြည်နယ်တွင် မွန်၊ ကရင်နှင့် ဗမာတိုင်းရင်းသားများ စသည်ဖြင့် အတူတကွ နေထိုင်ကြသည့်အတွက် ပြည်နယ်တစ်ခုအတွင်း လူမျိုးပေါင်းစုံအတူတကွနေထိုင်လျက်ရှိသည့် အခြေအနေများကို ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ခဲ့

သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံအတွင်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့်ပတ်သက်၍ ၂၀၂၄ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီးဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများနှင့် ၂၀၂၅ ခုနှစ် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းသဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် နိုင်ငံတော်အနေဖြင့် နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ အသုံးပြုခဲ့ရပြီး အာဆီယံအဖွဲ့ထံမှ အကူအညီရရှိမှုမှာ လိုအပ်ချက်နှင့် နှိုင်းယှဉ်ပါက နည်းပါးခဲ့ကြောင်း၊ ထို့ပြင် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ထံမှလည်း ချေးငွေ သို့မဟုတ် အကူအညီများရရှိခဲ့ခြင်းမရှိကြောင်း။

အာဆီယံနှင့်ဆက်ဆံရေးကို ပြန်လည်သုံးသပ်ဆောင်ရွက်

အာဆီယံနှင့် ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ မကြာသေးမီက ပြုလုပ်ခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ထုတ်ပြန်ချက်များအပေါ် မိမိတို့အနေဖြင့် သဘောထားကွဲလွဲမှုများရှိကြောင်း၊ အချို့သောဆုံးဖြတ်ချက်များနှင့် ထုတ်ပြန်ချက်များသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ ဆန္ဒသဘောထားကို ကိုယ်စားပြုခြင်းမဟုတ်ဘဲ အချို့သောနိုင်ငံများ၏ သဘောထားများအပေါ် မူတည်ဆောင်ရွက်ခဲ့သည့် အခြေအနေဖြစ်သည်ဟု သုံးသပ်ရကြောင်း၊ ထို့ကြောင့် အာဆီယံနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ဆက်ဆံရေးလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်သွားရန် အစိုးရအနေဖြင့် ဆုံးဖြတ်ထားကြောင်း၊ မြန်မာနိုင်ငံနှင့် အာဆီယံအကြား ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိစေရေးအတွက် မြန်မာနိုင်ငံ၏ ရပ်တည်ချက်၊ အချုပ်အခြာအာဏာနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သဘောထားများကို ထည့်သွင်းစဉ်းစားကာ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း။

အိမ်နီးချင်းနိုင်ငံများဖြစ်သည့် လာအို၊ ဗီယက်နမ်၊ **စာမျက်နှာ ၂၁ သို့**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းတာဝန်များအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အခွန်အခများ အပြည့်အဝရရှိရေးသည် အရေးကြီး၊ အခွန်နှုန်းထား(Tax Rate)တိုးမြှင့်ခြင်းထက် အခွန်ကောက်ခံမှုနယ်ပယ် (Tax Space)များ ကျယ်ပြန့်လာစေရေးကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်၊ အခွန်ကောက်ခံမှုနယ်ပယ် ကျယ်ပြန့်လာခြင်းဖြင့် နိုင်ငံတော်ဝင်ငွေတိုးတက်လာမည်ဖြစ်သကဲ့သို့ ဝန်ထမ်းလစာနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း အထောက်အကူဖြစ်လာစေမည်ဖြစ်...

ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍ အခြေခံအားဖြင့် ပေါင်းစည်းနေထိုင်ခြင်းနှင့် အာဏာခွဲဝေသုံးစွဲခြင်းဟူသည့် အချက်နှစ်ချက်ပါဝင်၊ ပြည်ထောင်စုအတွင်း အတူတကွပေါင်းစည်းနေထိုင်ကြပြီး ဗဟိုအစိုးရမှ ဒေသအဆင့်ထိ အာဏာများကိုခွဲဝေကျင့်သုံးခြင်းသည် ဖက်ဒရယ်စနစ်၏ မရှိမဖြစ်လိုအပ်သည့် အခြေခံသဘောတရားဖြစ်၊ မိမိတို့နိုင်ငံတွင်လည်း လူမျိုးကိုအခြေခံသည့် ဖက်ဒရယ်စနစ်ထက် ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ဦးစားပေးဖော်ဆောင်သွားမည်ဖြစ်...



ရှမ်းပြည်နယ်တွင် ထင်ရှားသောခရီးစဉ်ဒေသတွင်ပါဝင်သည့် ပင်းတယရွှေဥမင်လိုဏ်ဂူနှင့်ဘုရားကို တွေ့ရစဉ်။

❑ ခရီးစဉ်ဒေသ ခြောက်ခုမှ

တောင်ကြီးမြို့ရှိ စူဠာမုနိစေတီတော်၊ ရွှေဘုန်းပွင့်ဘုရား၊ မွေတော်ကက္ကူဘုရား၊ နောင်ဘိုကြာကန်၊ အေးသာယာဂေါက်ကွင်း၊ အေးသာယာဝိုင်ခြံနှင့် ဟိုပုံးထမ်းဆမ်းဂူတို့ကို လည်းကောင်း၊ ညောင်ရွှေမြို့ရှိ အင်းလေးကန်၊ ညောင်ရွှေယဉ်ကျေးမှုပြတိုက်၊ Red Mountain ဝိုင်ခြံနှင့် ရွှေရန်ပြေအတုမရှိရွှေကျောင်းတို့ကိုလည်းကောင်း၊ အင်းလေးကန်ဒေသရှိ ဖောင်တော်ဦးဘုရား၊ ရွှေအင်းတိန်၊ အလိုတော်ပြည့်ဘုရား၊ ငါးဖယ်ချောင်းဘုန်းကြီးကျောင်း၊ မိုင်းသောက်တံတား၊ အင်းလယ်ဘိုတဲနှင့် ရွာမရေပေါ်စျေးတို့ကိုလည်းကောင်း၊ ပင်းတယမြို့ရှိ ရွှေဥမင်ဘုရား၊ ပုန်းတလုတ်ကန်နှင့် ကုံလုံသာသနာနယ်မြေတို့ကို လည်းကောင်း၊ ကလောမြို့ရှိမြို့မစျေး၊ နာရီစင်၊ မောမြေဦးပန်းခြံ၊ ကလောဘူတာ၊ နီးဘုရား၊ City Point၊ ဗျိုက်တောင်နှင့် ဘဝသံသရာတံတားတို့ကိုလည်းကောင်း၊ ရွာငံမြို့ရှိ မြသပိတ်ရေပြာအိုင်၊ မိန်းမရဲသခင်မတောင်နှင့် ဂဏန်းကျရေတံခွန်တို့ကို လည်းကောင်း ခရီးစဉ်ဒေသများအဖြစ် ဖွင့်လှစ်ထားသည်။

"ရှမ်းပြည်နယ် ကလောနဲ့ အင်းလေးဒေသကို နိုင်ငံခြားသားတွေ အဓိကလည်ပတ်လေ့လာကြတယ်။ ရိုးရာယဉ်ကျေးမှုနဲ့ လက်မှုပစ္စည်းထုတ်လုပ်တဲ့ကြာရက်ကန်း၊ ပန်းထိမ်လုပ်ငန်း၊ ရှမ်းစက္ကူထုတ်လုပ်တဲ့လုပ်ငန်း၊ ရိုးရာအဝတ်အထည်ထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဒေသအစားအစာ လုပ်ငန်းတွေကို အထူးစိတ်ဝင်စားကြပါတယ်။ ရှမ်းပြည်နယ်ဟာ အေးချမ်းသာယာပြီး ကောင်းမွန်တဲ့ရာသီဥတုရှိတဲ့အပြင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နဲ့ ဒေသထွက်ကုန်မျိုးစုံထွက်ရှိတာကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားတွေ စိတ်အေးချမ်းစွာအပန်းဖြေလာရောက်လည်ပတ်ဖို့ နွေထွေးစွာဖိတ်ခေါ်ပါတယ်"ဟု ရှမ်းပြည်နယ်ဟိုတယ်၊ ခရီးသွား ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒေါက်တာသန်းဇော်က ပြောသည်။

ရှမ်းပြည်နယ်သို့ ခရီးသွားဝင်ရောက်မှုအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလထိ ပြည်တွင်းခရီးသွား ၈၈၈၆၆၂ ဦး၊ ပြည်ပခရီးသွား ၄၈၄၈၂ ဦးဖြင့် စုစုပေါင်း ၉၃၅၅၈၄ ဦး ဝင်ရောက်မှုရှိကြောင်း၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလထိ ပြည်တွင်းခရီးသွား ၁၀၁၀၄၉၆ ဦး၊ ပြည်ပခရီးသွား ၄၆၉၂၁ ဦးဖြင့် စုစုပေါင်း ၁၀၅၇၄၁၇ ဦး ဝင်ရောက်မှုရှိကြောင်း သိရသည်။

ရှမ်းပြည်နယ် တောင်ကြီးမြို့ဟိုတယ်၊ ခရီးသွားဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် ပြည်တွင်း၊ပြည်ပခရီးသွားများ ဝင်ရောက်လည်ပတ်နိုင်ရန် ခရီးစဉ်ခြောက်ခုအပြင် Community Based Tourism – CBT လုပ်ငန်းများဖြစ်သည့် လူထုအခြေပြုခရီးသွားလုပ်ငန်းကို လည်းဖော်ဆောင်ထားကြောင်း သိရသည်။

၂၀၁၆ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ရှမ်းပြည်နယ်အတွင်းရှိ ကျောက်တလုံးမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ပင်းတယမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ နောင်ချိုမြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ တာချီလိတ်မြို့နယ်၊ ကလောမြို့နယ်၊ ရပ်စောက်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့ရှိ ထီနဲ့(ပအိုဝ်း)ကျေးရွာ၊ အင်းနီ(ပအိုဝ်း)ကျေးရွာ၊ လွယ်ခေါ်(ပအိုဝ်း)ကျေးရွာ၊ ဆီးကျအင်း(ခန့)ကျေးရွာ၊ ပင်စိမ်းပင်(ခန့)ကျေးရွာ၊ လွယ်ပန်းစုံကျေးရွာ၊ လွယ်နွဲ့ကျေးရွာ၊ စံကား(အင်းရှမ်း)ကျေးရွာ၊ ကျောက်တော(ခန့)ကျေးရွာ၊ ဟိုကျင်း(အာခါ)ကျေးရွာ၊ ဟွေယုန်း(အာခါ)ကျေးရွာ၊ ထီဝါးမူး(လီဆူ)ကျေးရွာ၊ ရေယောင်းမ(ခန့)ကျေးရွာ၊ ကျောက်တလုံး(ပလောင်)ကျေးရွာ၊ပင်းဆိုင်း(ဝ)ကျေးရွာ၊ ပန်ကူ(လားဟူ)ကျေးရွာ၊ ဟိုယန်း(လွယ်)ကျေးရွာ၊ ကျောက္ကချား(ပအိုဝ်း)ကျေးရွာတို့တွင် လူထုအခြေပြုခရီးသွားလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကျိုင်းတုံမြို့နယ်ရှိ ဝမ်ဆာကျေးရွာတွင်လည်း လူထုအခြေပြုလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သစ္စာ(MNA)

မြန်မာနိုင်ငံနှင့် အာဆီယံအကြား ပုံမှန်ဆက်ဆံရေးပြန်လည်ရရှိစေရေးအတွက်

မြန်မာနိုင်ငံ၏ ရပ်တည်ချက်၊ အချုပ်အခြာအာဏာနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သဘောထားများကို ထည့်သွင်းစဉ်းစားကာ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကိုအခြေခံကာ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးကို ဆောင်ရွက်လျက်ရှိ၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာဆက်ဆံသွားရန် အစိုးရအနေဖြင့်ဆုံးဖြတ်ထားပြီး အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကိုလည်း ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်...

စာမျက်နှာ ၂၀ မှအဆက်

ကမ္ဘောဒီးယား၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့သို့သွားရောက်ခဲ့စဉ် ယင်းနိုင်ငံများမှ တာဝန်ရှိသူများက မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း ပုံမှန်ဆက်ဆံရေးပြန်လည်ရရှိစေရန်လိုလားသည်ကို သိရှိခဲ့ရကြောင်း၊ အာဆီယံအဖွဲ့အတွင်း ဆုံးဖြတ်ချက်များချမှတ်ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏သဘောတူညီမှု(Consensus)ကို အခြေခံဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ကန့်ကွက်ပါက သဘောတူညီမှုမရရှိသေးဟုသတ်မှတ်ပြီး မြန်မာနိုင်ငံအပေါ် ကန့်သတ်မှုများ ဆောင်ရွက်လာသည့် အခြေအနေများရှိကြောင်း၊ ၂၀၂၁ ခုနှစ် ဧပြီ ၂၃ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့စဉ် အာဆီယံဘုံသဘောတူညီချက် ငါးရပ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း၊ အစည်းအဝေးအတွင်း တိုက်ရိုက်ဖြေရှင်းဆွေးနွေးခြင်းမရှိဘဲ နောက်ပိုင်းတွင် ဥက္ကဋ္ဌ၏ကြေညာချက်အဖြစ် ထုတ်ပြန်ခဲ့သည့်အပေါ် မိမိတို့အနေဖြင့် လက်ခံမှုမရှိသည်ကို ပြောကြားခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် လာအိုနိုင်ငံကလည်း အာဆီယံအဖွဲ့ စတင်တည်ထောင်ချိန်မှစ၍ နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ကိုယ်စားပြုပါဝင်မှုကိုကန့်သတ်ခဲ့သည့် အစဉ်အလာမရှိခဲ့သည်ကို ထည့်သွင်းပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် လွတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတကာအခြေအနေနှင့် အာဆီယံအဖွဲ့၏ လုပ်ငန်းစဉ်များကို သေချာစွာ သိရှိနားလည်ထားရန်လိုအပ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များတွင် အခြေအနေအလိုက် သင့်လျော်သည့် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် လိုအပ်ကြောင်း။

နိုင်ငံတကာနိုင်ငံများနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးတိုးမြှင့်မည်

နိုင်ငံတကာ ဆက်ဆံရေးနှင့် ပတ်သက်၍ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ငါးရပ်ကိုအခြေခံကာ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာဆက်ဆံသွားရန် အစိုးရအနေဖြင့် ဆုံးဖြတ်ထားပြီး အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကို လည်း ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများ အပြန်အလှန်ဆက်စပ်လျက်ရှိ

အချုပ်အားဖြင့်ဆိုပါက နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိမှသာ စီးပွားရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်မည်ဖြစ်သကဲ့သို့ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကိုလည်း ဒေသအသီးသီးတွင် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံရေး၊ တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများသည် အပြန်အလှန်ဆက်စပ်လျက်ရှိပြီး ကဏ္ဍတစ်ခုဖွံ့ဖြိုးတိုးတက်လာခြင်းသည် အခြားကဏ္ဍများ၏ တိုးတက်မှုကိုလည်း အထောက်အကူ ပြုမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်သည့် လူစွမ်းအားအရင်းအမြစ်များရရှိမှသာ နိုင်ငံ၏ကုန်ထုတ်စွမ်းအားနှင့် လုပ်သားစွမ်းရည်များကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှတာဝန်ရှိသူများ၊ လွတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများအနေဖြင့် နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် လွတ်တော်ကိုယ်စားလှယ်များ၏ မဲပေးရွေးချယ်မှုကြောင့် အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်ပြီး အစိုးရအနေဖြင့်လည်း နိုင်ငံတော်ကောင်းကျိုးအတွက် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားရန် ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ဖြတ်သန်းခဲ့သည့် နိုင်ငံ့ဝန်ထမ်းဘဝအတွေ့အကြုံများ၊ ဘဝတစ်လျှောက် ဖြတ်သန်းခဲ့သည့်အတွေ့အကြုံများအပေါ် အခြေခံ၍ နိုင်ငံတော်အကျိုးအတွက် လိုအပ်သည့်ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အာဏာတည်တံ့ရေးအတွက် မဟုတ်ဘဲ နိုင်ငံတော်၏ အကျိုးစီးပွားနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့နှင့် လွတ်တော်ကိုယ်စားလှယ်များအနေဖြင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ကာ နိုင်ငံတော်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အဘက်ဘက်ကကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းကို လွတ်တော်က မှတ်တမ်းတင်ပြီး နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွတ်တော် အစည်းအဝေးခန်းမမှ ပြန်လည်ထွက်ခွာသည်။

အစည်းအဝေးအပြီးတွင် တတိယအကြိမ် လွတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာပြီးမြောက်ခြင်း ဂုဏ်ပြုနေ့လယ်စာစားပွဲကို လွတ်တော်အဆောက်အအုံ ထမင်းစားခန်းမဆောင်ကြီး၌ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အစည်းအဝေးသို့ တက်ရောက်လာကြသူများသည် ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့တို့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည်။ ဂုဏ်ပြုနေ့လယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတက အခမ်းအနားတက်ရောက်ကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။



ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင် များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

☆ ကျော်ဖုံးမှအဆက်

စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ သေနတ်ပစ်ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်းရောက်ရှိနေရာယူကြပြီး အခမ်းအနားသို့ တက်ရောက်လာသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များက နိုင်ငံအလိုက်ဆုရရှိသည့် အသင်းများနှင့် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသည့် အသင်းများကို ဆုတံဆိပ်များ အသီးသီး ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ်က မိန့်ခွန်းပြောကြားပြီး AARM အထိမ်းအမှတ်အလံကို အလံတိုင်မှ ပြန်လည်ရုပ်သိမ်းသည်။

ၿငိးနောက် ၃၄ ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ၏ မှတ်တမ်းဗီဒီယိုပြသပြီး ယဉ်ကျေးမှုအဖွဲ့များက မလေးရိုးရာအက အလှများဖြင့်လည်းကောင်း၊ မလေးရှား တပ်မတော်စစ်တီးဝိုင်းက တီးမှုတ်ဖျော်ဖြေမှုကိုလည်းကောင်း ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ မလေးရှားကြည်းတပ်ဦးစီးချုပ်က AARM အထိမ်းအမှတ်အလံကို ၃၅ ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်ဒိုနီးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ်ထံသို့လွှဲပြောင်းပေးအပ်ပြီး အင်ဒိုနီးရှား တပ်မတော် ကြည်းတပ်ဦးစီးချုပ်က မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် 34th AARM သေနတ်ပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော်ကိုယ်စားပြု သေနတ်ပစ်အသင်းကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ အဆိုပါသေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်ကိုယ်စားပြုသေနတ်ပစ်အသင်းအနေဖြင့် အသင်းလိုက်အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု၊ တစ်ဦးချင်းပစ်ခတ်စဉ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု စုစုပေါင်း ရွှေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခုတို့ရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၄)နေရာရရှိခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကွာလာလမ်ပူမြို့ရှိ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံး၌ စစ်သံရုံးမိသားစုများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များအနေဖြင့် တာဝန်ထမ်းဆောင်နေထိုင်စဉ်ကာလအတွင်း သက်ဆိုင်ရာနိုင်ငံ၏ဘာသာစကားကို ကျွမ်းကျင်အောင်လေ့ကျင့်သင်ယူသွားရန်၊ သက်ဆိုင်ရာနိုင်ငံ၏ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဥပဒေများကိုသိရှိအောင်လေ့လာ၍ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင့်ကြံနေထိုင်ရန်နှင့် မိမိနိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့်အရာများကို စနစ်တကျကြိုးစားလေ့လာကာ တာဝန်ထမ်းဆောင်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။


ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က စစ်သံရုံးဝန်ထမ်းမိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့်လက်ဆောင်ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

❍ **ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"မှ** မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၂၀ ရက်တွင် အိန္ဒိယနိုင်ငံအင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို နယ်လိုရီမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့ကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါအားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏ အရှိန်ကြောင့် ယနေ့ နေ့လယ်မှ နိုဝင်ဘာ ၂၀ ရက်အတွင်း ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်းရုတ်တရက် ရေကြီးခြင်းနှင့်မြေပြိုခြင်းစသည့်သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီး နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သဘော်များအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/၈၆)**



ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၅၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၈၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၈၃၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၃၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် မြစ်ကြီးနားမြို့၌ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များ၊ တိုင်းရင်းသားမျိုးနွယ်စုခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များနှင့်တွေ့ဆုံပြီး နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေး



မြစ်ကြီးနား နိုဝင်ဘာ ၁၈

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ပြည်ထောင်စုဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ ဘာသာရေးအသင်း အဖွဲ့ခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ၊တိုင်းရင်းသားမျိုးနွယ်စုခေါင်းဆောင်များ၊ စာပေယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေး ရရှိရေးအတွက် အစိုးရအဆက်ဆက် မြန်မာ့ငြိမ်းချမ်းရေး ဖော်ဆောင်ခဲ့မှုများ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီလက်ထက် ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်ချက်များ၊ ဒီမိုကရေစီအစိုးရလက်ထက် ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်ချက်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်နိုင်မှုများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် မဟာဗျူဟာနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ကချင်ပြည်နယ် သည် သဘာဝတောတောင် ရေမြေနှင့် မြေပေါ်မြေအောက် သယံဇာတပေါကြွယ်ဝမှုရှိပြီး ဖြစ်သည့်အတွက် ငြိမ်းချမ်းရေးရရှိပါက လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခု၏ အနာဂတ် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်သော အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိအောင် အားလုံးကပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့အတူ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက ကချင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က တိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာများ၊ စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုအခြေအနေကိုလည်းကောင်း၊ ပြည်ထောင်စုအတိုင်ပင်ခံအဖွဲ့ဝင် ဒေါ်ဒွဲဘူက ငြိမ်းချမ်းရေးအတွက် ကချင်လူထုအားလုံး ပူးပေါင်းပါဝင်လာစေရေး တက်ရောက်လာကြသည့် အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များက စည်းရုံးလှုံ့ဆော် တိုက်တွန်းနိုင်ရေးအတွက်လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ တိုင်းရင်းသား မျိုးနွယ်စုအသီးသီးမှ ခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက နိုင်ငံတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးသိလိုသည်များနှင့် အကြံပြုတင်ပြချက်များ၊ ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စုများ နေရပ်ပြန်လည်နေထိုင်နိုင်ရေးနှင့် ၎င်းတို့၏လိုလားချက်များကို ရင်းနှီးပွင့်လင်းစွာတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပြန်လည်ရှင်းလင်း ဆွေးနွေးပေးခဲ့ကြောင်း သတင်းရရှိသည်။

ပြည်နယ်(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း ပညာရေးဘွဲ့ရ ဆရာ၊ ဆရာမများကို တွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၈

ပညာရေးတက္ကသိုလ်မှ လူငယ်ဆရာ၊ ဆရာမများမှတစ်ဆင့် ကျေးလက်ဒေသရှိ မျိုးဆက်သစ်လူငယ်များကို အသိပညာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ပညာရည်ပြည့်ဝလာစေရန်၊ ဗဟုသုတကြွယ်ဝလာစေရန်နှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူ့အဖွဲ့အစည်း၏ အနာဂတ်ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် ရည်ရွယ်၍ တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ လူငယ်များသည် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ၊ အနာဂတ်ခေါင်းဆောင်များဖြစ်၍ အနာဂတ်နိုင်ငံတော်အတွက် တန်းဖိုးမဖြတ်နိုင်ပါကြောင်း၊ မိမိတို့တတ်မြောက်ထားသည့် အတတ်ပညာ၊ အသိပညာများကို မျိုးဆက်သစ်လူငယ်များထံသို့ လက်ဆင့်ကမ်းပြီး ပြန်လည်သင်ကြားပေးရမည့်မြင့်မြတ်သည့် လူငယ်ဆရာ၊ ဆရာမများကို ယခုကဲ့သို့တွေ့ဆုံခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ဆရာ၊ ဆရာမများအဖြစ် မိမိဒေသ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသဆိုင်ရာ အစိုးရအဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ကျေးလက်လူငယ်ကဏ္ဍ အပါအဝင်ဘက်စုံလူငယ်ကဏ္ဍကို မြှင့်တင်အကောင်အထည်ဖော် ဆောင်ရွက်သွားကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက တိုက်တွန်းပြောကြားသည်။

ရန်ကုန်ပညာရေး တက္ကသိုလ်နှင့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီလက်ထက် ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်ချက်များ၊ ဒီမိုကရေစီအစိုးရလက်ထက် ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်ချက်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်နိုင်မှုများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် မဟာဗျူဟာနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ကချင်ပြည်နယ် သည် သဘာဝတောတောင် ရေမြေနှင့် မြေပေါ်မြေအောက် သယံဇာတပေါကြွယ်ဝမှုရှိပြီး ဖြစ်သည့်အတွက် ငြိမ်းချမ်းရေးရရှိပါက လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခု၏ အနာဂတ် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်သော အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိအောင် အားလုံးကပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့အတူ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက ကချင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က တိုင်းရင်းသားများ အခွင့်အရေးဆိုင်ရာများ၊ စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုအခြေအနေကိုလည်းကောင်း၊ ပြည်ထောင်စုအတိုင်ပင်ခံအဖွဲ့ဝင် ဒေါ်ဒွဲဘူက ငြိမ်းချမ်းရေးအတွက် ကချင်လူထုအားလုံး ပူးပေါင်းပါဝင်လာစေရေး တက်ရောက်လာကြသည့် အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များက စည်းရုံးလှုံ့ဆော် တိုက်တွန်းနိုင်ရေးအတွက်လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ငြိမ်းချမ်းရေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ တိုင်းရင်းသား မျိုးနွယ်စုအသီးသီးမှ ခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက နိုင်ငံတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးသိလိုသည်များနှင့် အကြံပြုတင်ပြချက်များ၊ ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စုများ နေရပ်ပြန်လည်နေထိုင်နိုင်ရေးနှင့် ၎င်းတို့၏လိုလားချက်များကို ရင်းနှီးပွင့်လင်းစွာတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပြန်လည်ရှင်းလင်း ဆွေးနွေးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆရာအတတ်ပညာဦးစီးဌာန မန္တလေးဇုန် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



မန္တလေး နိုဝင်ဘာ ၁၈

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန မန္တလေးဇုန် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာကွင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူနည်းပြများ၊ ကျောင်းအုပ်များ၊ ဆရာ၊ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဗိုလ်လုပွဲတွင် မန္တလေးပညာရေးဒီဂရီကောလိပ်အသင်းနှင့် မကွေးပညာရေးဒီဂရီကောလိပ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ မကွေးပညာရေးဒီဂရီကောလိပ်အသင်းက မန္တလေးပညာရေးဒီဂရီကောလိပ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆုချီးမြှင့်ပွဲအခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပထမဆုရရှိသည့် မကွေးပညာရေးဒီဂရီကောလိပ်အသင်းကို တံခွန်စိုက်ဆုဖလား၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပထမဆုရရှိသည့် မကွေးပညာရေး ဒီဂရီကောလိပ်အသင်းအား ငွေသားဆုနှင့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ကစားသမား တစ်ဦးချင်းစီ ဆုတံဆိပ်များ၊ တိုင်းဒေသကြီးဝန်ကြီးများက ဒုတိယဆုရရှိသည့် မန္တလေးပညာရေးဒီဂရီကောလိပ်အသင်းနှင့် တတိယဆုရရှိသည့် မိတ္ထီလာပညာရေးဒီဂရီကောလိပ် အသင်းတို့ကို ငွေသားဆုများ၊ ဆုတံဆိပ်များကို ချီးမြှင့်ခဲ့ကြောင်းနှင့် ၂၀၂၆ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ မန္တလေးဇုန် အားကစားပြိုင်ပွဲတွင် မကွေး၊ မန္တလေး၊ မိတ္ထီလာ၊ ပခုက္ကူ၊ တောင်ကြီး၊ လားရှိုး၊ လွိုင်ကော်၊ စစ်ကိုင်း၊ မုံရွာ ပညာရေးဒီဂရီကောလိပ် အသင်း ကိုးသင်းပါဝင်ပြီး အမျိုးသားဘောလုံးပြိုင်ပွဲတွင် မကွေး၊ မန္တလေး၊ ပခုက္ကူ၊ လားရှိုး၊ မိတ္ထီလာ၊ တောင်ကြီး ပညာရေးဒီဂရီကောလိပ် အသင်း ခြောက်သင်း ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံသားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၁၈

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့ရှိ နယ်မြေခံတပ်ရင်းခွဲ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သတ်မှတ်သိုလှောင်ရုံများတွင် အရန်ဆန်များ သိုလှောင်ထားရှိ

ရန်ကုန် နိုဝင်ဘာ ၁၈

အယ်လ်နီညို သဘာဝဖြစ်စဉ်များကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်လာပြီး နိုင်ငံတော်အတွင်း စားနပ်ရိက္ခာများအရေးပေါ်လိုအပ်ချိန်တွင် သုံးစွဲနိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် အရန်ဆန်စုဆောင်းရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သတ်မှတ်သိုလှောင်ရုံများတွင် အရန်ဆန်များ သိုလှောင်ထားရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အရန်ဆန်စုဆောင်းကြီးကြပ်ရေးအဖွဲ့မှ သိရသည်။

သိုလှောင်မည့် အရန်ဆန်များသတ်မှတ်သိုလှောင်ရုံများသို့ ရောက်ရှိမှု၊ လက်ခံ သိုလှောင်ထားရှိမှုအခြေအနေကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အရန်ဆန် စုဆောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း သက်ဆိုင်ရာသိုလှောင်ရုံများသို့ အရန်ဆန်များ အပြည့်အဝရောက်ရှိစေရေး၊ သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီမှုရှိစေရေး၊ လေလွင့်ပျက်စီးမှုများ မဖြစ်စေရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်တို့ရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၈

ကျောင်းသား လူငယ်မောင်မယ်များ နိုင်ငံတော်၏သမိုင်းနှင့် တပ်မတော်၏သမိုင်းကြောင်းများကိုသိရှိပြီး အသိပညာဗဟုသုတများစွာရရှိစေရန်၊ လူငယ်များကို မျိုးချစ်စိတ်ဓာတ်များရှင်သန်ထက်မြက်လာစေပြီး နိုင်ငံချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်များတိုးတက် ဖြစ်ထွန်းလာစေရန်၊ ကျောင်းသင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို အထောက်အကူပြုစေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ဂဲကြီးသာစည်)၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (ငါးတဲစု)၊ ပညာမွန်(ကိုယ်ပိုင်အထက်တန်းကျောင်း)၊ တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်း(သရက်ပင်)၊ အခြေခံပညာမူလတန်းကျောင်း(ကံကြီး)၊ အခြေခံပညာအလယ်တန်းကျောင်း (ကရင်ချောင်း)၊ ဒက္ခိဏသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့မှ ကျောင်းသား၊ ကျောင်းသူများသည် ဆရာ၊ ဆရာမများနှင့်အတူ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် နေပြည်တော်သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ စစ်ရေယာဉ်ပုံစံတူများနှင့် စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်းပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြသရာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ထို့နောက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ မေးခွန်းများမှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်း သူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများ အပ်နှံထားသော လက်နက်၊ ခဲယမ်းများကို တွေ့ရစဉ်။

◆ ဥပဒေဘောင်အတွင်းမှ

ဆောင်ရွက်ပေးလျက်ရှိသဖြင့် PDF အဖွဲ့မှ အမျိုးသား ၁၇၆ ဦးနှင့်အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၁၉၅ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ကြသည်။

ထိုသို့ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် PDF အဖွဲ့ဝင်များကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင့်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့သူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသော MA –1 အမျိုးအစား သေနတ် လေးလက်၊ MA –2 အမျိုးအစား သေနတ် တစ်လက်၊ MA –3 အမျိုးအစား သေနတ် လေးလက်၊ M–4 အမျိုးအစား သေနတ် တစ်လက်၊ M–22 အမျိုးအစား သေနတ် တစ်လက်၊ M–16 အမျိုးအစား သေနတ် တစ်လက်၊ Type 81 အမျိုးအစား သေနတ် သုံးလက်၊ ပစ္စတိုသေနတ် နှစ်လက်၊ လက်လုပ်သေနတ် နှစ်လက်၊ ကျည်အိမ်မျိုးစုံ ၂၇ ခု၊ ကျည်မျိုးစုံ ၉၃၇ တောင့်၊ ဗုံးသီးနှင့်မိုင်းမျိုးစုံ ၃၅ လုံး၊ ကျည်ကာအင်္ကျီ တစ်ထည်၊ စကားပြောစက်သုံးလုံး၊ စနိုက်ပါမှန်ပြောင်းတစ်လက်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို မောင်းပြန်ရိုင်ဖယ် ၁၅ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၇၅၀၊ ပစ္စတို နှစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၄၀၊ လက်လုပ်သေနတ် နှစ်လက်အတွက် ဆုကြေး ငွေကျပ် ၁၀ သိန်း၊ ဗုံးသီးနှင့် မိုင်းမျိုးစုံ ၃၅ လုံးအတွက် ဆုကြေးငွေကျပ် ၁၀၅ သိန်း၊ ကျည်ကာအင်္ကျီ တစ်ထည်အတွက် ဆုကြေးငွေ နှစ်သိန်း၊ စကားပြောစက် သုံးလုံးအတွက် ဆုကြေးငွေကျပ်ခြောက်သိန်း၊ စနိုက်ပါမှန်ပြောင်း တစ်လက်အတွက် ဆုကြေးငွေကျပ်နှစ်သိန်း လက်နက်မပါ အလင်းဝင်ရောက်လာသူ ၁၆၄ ဦးအတွက် ဆုကြေးငွေကျပ် ၁၆၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ


နေပြည်တော် နိုဝင်ဘာ ၁၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ တပ်မတော်ကို ဂုဏ်သိက္ခာကျဆင်းအောင် မဟုတ်မမှန်သတင်းများကို ပြည်သူများ အထိတ်တလန့်ဖြစ်အောင်ပြောဆိုပြီး ငွေကြေးများ လိမ်လည်တောင်းခံခဲ့သူ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာနေ မိုသီလာလ် ခေါ် ဂန်ဂူး ၅၃ နှစ်ကို ည ၇ နာရီ ၁၀ မိနစ်တွင် ဖဒိုနယ်မြေ ရဲစခန်းက (ပ)၄၀/၂၀၂၆၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (၅၀၁)

၁၈-၁၁-၂၀၂၆တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၄ ~ ၃၆၇၀	၅၅၇.၉ ~ ၅၅၈.၇	၁၂၅.၆ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၂၂,၇၅၃,၂၈၉.၇၁	၃,၉၁၄,၁၉၄.၆၈	၁၁၁,၂၀၆,၈၁၂.၈၂	-



အောင်ဇော်မင်းခန့်ကို တွေ့ရစဉ်။

❋ ဖမ်းဆီးရမိမှ

စိတ်ကြွဆေးပြား ၅၆သိန်းနှင့်အတူဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ တရားခံ ခြောက်ဦးနှင့်အတူ စိတ်ကြွဆေးပြား ၃ ဒသမ ၈ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) တစ်ကီလို၊ ဘိန်းဖြူ ၁၆ ဒသမ ၃၉၆ ကီလိုတို့ကို ထပ်မံဖမ်းဆီးရမိခဲ့ပြီး အဆိုပါမူးယစ်ဆေးဝါးများသယ်ဆောင်ရောင်းဝယ်ရာတွင် အဓိကစီမံခန့်ခွဲသူ အောင်ဇော်မင်းခန့် ၄၂ နှစ်ကံကောက်ရပ်ကွက် ချမ်းအေးသာစံမြို့နယ်နေသူမှာ ထိုင်းနိုင်ငံသို့ထွက်ခွာသွားကြောင်းသိရှိရ၍ သတင်းဖလှယ်ပေးပို့ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၄ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ဟိုင်ခွမ်ခရိုင်၌ ဖမ်းဆီးရမိခဲ့သဖြင့် နိုဝင်ဘာ ၃ ရက်တွင် ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း နိုဝင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အောင်ဇော်မင်းခန့်၏ ဖော်ထုတ်ချက်အရ စိတ်ကြွဆေးပြားများကို ဂိုဒေါင်ငှားရမ်းပြီး သိုဝှက်သိမ်းဆည်းထားကြောင်းသိရှိရသဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၄ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (၁၁)ရပ်ကွက်ရှိ ဂိုဒေါင်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၃၃ ဒသမ ၅ သိန်း (ဒေသတန်ဖိုးငွေကျပ် ၅ ဒသမ ၀၂၅ ဘီလီယံ)ကို မထက်ထက်အောင်၊ မနှင်းနုနုလှိုင်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်များအရ အောင်ဇော်မင်းခန့်သည် မူးယစ်ဖြစ်မှုများ ကျူးလွန်ပြီး ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသည့်ကာလတွင် မူးယစ်ဆေးဝါးနိုင်ငံဖြတ်ကျော်သယ်ဆောင် ရောင်းဝယ်မှုကို အကြိမ်ကြိမ်ကျူးလွန်ရာ၌ ၎င်း၏အစီအမံဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကာလိမြို့နေ အခြားမူးယစ်အမှုများမှ အလိုရှိတရားခံပြေးဖြစ်သူ စိုင်းခမ်းပန် ခေါ် အားရှင်း(ဖမ်းဆီးရန်ကျန်)က မန္တလေးသို့ပို့ဆောင်ပေးသည့် မူးယစ်ဆေးဝါးများကို အောင်ဇော်မင်းခန့်၏ ခိုင်းစေချက်အရ မနှင်းနုနုလှိုင်ကလက်ခံ၍ ဂိုဒေါင်ငှားရမ်းသိုလှောင်ပြီး တမူးမြို့နေ မဟောက်မန်းကျိန် ခေါ် မငယ်(ဖမ်းဆီးရန်ကျန်) နှင့် လာရောက်လက်ခံယူသူများကို လွှဲပြောင်းပေးခြင်းဖြစ်ကြောင်းနှင့် မထက်ထက်အောင်က မူးယစ်ဆေးဝါးများရောင်းဝယ်ရာတွင် ငွေကြေးလွှဲပြောင်းလက်ခံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ဖြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

❖ ဘော်လီဘောပြိုင်ပွဲမှ

ဘော်လီဘော အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲ တတိယနေရာလုပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ (B)၌ ကျင်းပသည်။

ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊အမျိုးသမီးပြိုင်ပွဲ တတိယနေရာလုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာများနှင့် အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဘော်လီဘောပြိုင်ပွဲ အမျိုးသမီး တတိယနေရာလုပွဲစဉ်အဖြစ် ပညာရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသား တတိယနေရာလုပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

နိုဝင်ဘာ ၁၉ ရက်(**ယနေ့**)မွန်းလွဲပိုင်းတွင် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသမီးဗိုလ်လုပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အဆိုပါဗိုလ်လုပွဲ ပွဲစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုပ်သံလိုင်းများဖြစ်သည့် MRTV HD, MRTV Sports Channel နှင့် MRTV Entertainment တို့တွင် တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ သင်တန်းများအားလုံးကို ၁-၁၂-၂၀၂၆ ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်ရာ ၁၉-၁၁-၂၀၂၆ ရက်မှစတင်၍ ပိတ်ရက်မရှိကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန

နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းအားလုံး ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ကြေညာချက်

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိနည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းအားလုံးကို ၁-၁၂-၂၀၂၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ၁၉-၁၁-၂၀၂၆ ရက်မှစတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန

အစိုးရနည်းပညာကောလိပ်များ၏ သင်တန်းများအားလုံး ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိအစိုးရနည်းပညာကောလိပ်များ၏ သင်တန်းများအားလုံးကို ၁-၁၂-၂၀၂၆ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ၁၉-၁၁-၂၀၂၆ ရက်မှစတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၂ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၈


နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများ အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ခြောက်ထပ်အဆောက်အအုံ တစ်လုံးမှာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချပြီးစီးခဲ့သည့်အတွက် ယနေ့ထိ တရားမဝင်အဆောက်အအုံ ၁၂ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ငါးထပ် အဆောက်အအုံတစ်လုံးကို ယနေ့ထိ ၆၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်အဆောက်အအုံ ၆၃ လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ဖြိုချမည့် အဆောက်အအုံလေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ရှစ်လုံးစုစုပေါင်းအဆောက်အအုံ ၁၂ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၁လုံးကိုလည်း စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ်အဆောက်အအုံကို မဖြိုဖျက်မီတွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ် အဆောက်အအုံကို ယာဉ်ယန္တရားများဖြင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ဝမ်ဆန့်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရန် တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် တရုတ်နိုင်ငံသားများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်နေရာပြမြေပုံ။



ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ဝမ်ဆန့်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိ ယာယီအလုပ်ရုံ မှတ်တမ်းဓာတ်ပုံ။

■ လဲချားမြို့နယ်မှ

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လိုအပ်သည့်ရှာဖွေစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်ခန့်တွင် လဲချားမြို့နယ် ဝမ်ဆန့်ကျေးရွာ၏ အရှေ့မြောက်ဘက် မီတာ ၃၄၀၀ ခန့်အကွာ နေရာ၌ အလျား ပေ ၇၀၊ အနံ ပေ ၂၀ ရှိ အလုပ်ရုံတွဲလျက် ယာယီလူနေတဲ့ တစ်လုံးနှင့် အလျား ပေ ၂၀၊ အနံ ၁၅ ပေရှိ စားချက်ဆောင် တစ်လုံးတို့ကို တွေ့ရှိရပြီး ၎င်းတို့အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ရန် နိုင်ငံအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော်ပြီး ရောက်ရှိနေသည့် တရုတ်နိုင်ငံသား အမျိုးသား ၂၃ ဦးကို မောင်းပြန်သေနတ်သုံးလက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၁၅ တောင့်၊ လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် StarLink Gen3 နှစ်လုံး၊ All in One Computer တစ်လုံး၊ ဖုန်းမျိုးစုံ ၃၇ လုံး၊ Router နှစ်ခု၊ Solar Battery တစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးမှုပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စုံစမ်းဖော်ထုတ်ကာ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



(၁)

ရန်ကုန်မြို့၊

ကိုဗစ်တတိယလှိုင်း . . .၊

အတန်ငယ်ကျယ်သော အခန်းဖြစ်သည်။ လူနာခုတင် တစ်ခုတင်နှင့်တစ်ခုတင် အတန်ငယ်ခြားထားသော်လည်း ခုတင်တိုင်းတွင် လူနာများရှိနေလေသည်။ ချောင်းဆိုးသူကဆိုး၊ အဖျားတက်သူကတက်၊ မောသူကမော၊ နုံးခွေသူကနုံးခွေ၊ အောက်ဆီဂျင်ရှူနေရသော်လည်း အမောမပြေနိုင်ဘဲ အသက်ရှူမဝဖြစ်နေသူကဖြစ်နေ၊ တစ်ယောက်တစ်လေမျှပင် သက်သက်သာသာမရှိလှချေ။

ထိုသက်သက်သာသာမရှိသော လူနာများထဲတွင် သူကလည်း မသက်သာလှသောလူနာတစ်ဦးဖြစ်သည်။

သူ့ထက်စောလျင်စွာ ရောက်နေသူများက ဒီအခန်းထဲတွင် ဘယ်နည်းအိပ်ပြီးပြီလည်းမသိ၊ သူကတော့ တစ်ညပင် အိပ်ရသေးသော်လည်း ဆက်၍မနေချင်တော့ သည်မှာအမှန်ပင်။ သူ့ကိုယ်သူ အတင်းထိန်းထား၍ ခြေရင်းကလူကြီးလို ဆောက်တည်ရာမရ ဖြစ်မနေသေးသော်လည်း ချွေးစေးတွေပြန်ကာ၊ ကတုန်ကယင်ဖြစ်နေသည်။ ပီပီအီး ဝတ်စုံဝတ်ထားသော ဆရာမလေးတစ်ယောက်ကတော့ ဟိုခုတင်ပြေးလိုက်၊ ဒီခုတင်ပြေးလိုက်နှင့် ပြာယာခတ်နေရှာသည်။

"မနေ့ညက နှစ်ယောက်သေသွားတယ်တဲ့၊ ငါလဲဒီအခန်းထဲမှာ သေရတော့မလားမသိဘူး"

သူ၏အသက်က ၃၂ နှစ်ပြည့်ခဲ့ပြီမို့ လူလောက၊ လူရွယ်တွင် အနှစ် ၃၀ ကျော်နေခဲ့ရပြီးဖြစ်သည်။ ကုန်လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်အတွင်းတွင် တစ်ခါမျှ ဒီလောက်ကြောက်ရွံ့အားငယ်ခြင်း မရှိခဲ့ဘူးချေ။

"အ...မေ"

အားငယ်တော့လည်း အမေ့ကို အလိုလိုတမ်းတမိသည်။ အမေနှင့် မတွေ့ရသည်မှာ လေးနှစ်ပင်ကျော်ခဲ့ပေပြီ။ သူအိမ်က ဆင်းခဲ့သောနေ့က အမေ့ကို နောက်ဆုံးတွေ့ခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်က အမေကလည်း ဒေါသနှင့်ခက်ထန်နေသည်။ သူကလည်း မောဟနှင့် မာကျောနေသည်။ တစ်ဦးကိုတစ်ဦး စိမ်းစိမ်းကားကား၊ တင်းတင်းမာမာ ကြည့်ခဲ့ကြသည်။

"အ...မေ ... ရေ"

သူက စိတ်ထဲမှနေပြီး အော်ခေါ်လိုက်မိသည်။ "သား ... နေမကောင်းဘူးအမေ၊ အသက်ရှူလို့လဲ မဝဘူး"ဟုဆက်၍ပြောသည်။ အမေသိလျှင်၊ အမေသာရှိလျှင် သူနေရသက်သာအောင် တစ်ခုခုတော့လုပ်ပေးလိမ့်မည်မှာ သေချာသည်။

"ဟင့်အင်း ... လုပ်ပေးမှာမဟုတ်ပါဘူး။ အမေက ငါ့ကိုစိတ်ဆိုးနေတာ မလာနဲ့လို့ပြောမှာ"

အသက်ရှူရတာ ဘယ်လိုမှမကောင်း၊ ငါးစက္ကန့် ရှူသွင်း၊ ငါးစက္ကန့်အောင့်နေ၊ ငါးစက္ကန့်ပြန်ထုတ်၊ နှာခေါင်းနှင့်ရှူ၊ ပါးစပ်နှင့်ပြန်ထုတ်၊ ကြားဖူးနားဝရှိသမျှနှင့် ကြိုးစားကြည့်သည်။ ဘယ်လိုပင် ရှူရှူ။ ထိုရှူလိုက်သောလေက ရင်ထဲသို့ ရောက်သွားခြင်း မရှိသလို ခံစားနေရသည်။

အကြောင်းကြောင်းသော အကြောင်းများကြောင့် ကျန်းမာရေးဝန်ထမ်းများ အင်အားလျော့နည်းနေသည့်အချိန်ဖြစ်သည်။ ထိုအချိန်တွင်မှ ပို၍ပြင်းထန်၊ ပို၍ကူးစက်လွယ်သော ကိုဗစ်တတိယလှိုင်းက အရှိန်နှင့် ဝင်ရောက်လာသည်ကတော့ ကံကိုပင်ယိုးမယ်ဖွဲ့ရတော့မည်ထင်သည်။ ကူးစက်နှုန်းများပြားလှသဖြင့် သူတို့လိုလူတွေ မရှူနိုင်မကယ်နိုင် ဖြစ်နေကြရသည်။

ရင်ဘတ်အောက်မှာ ခေါင်းအုံးလေးခုပြီး မှောက်နေကြည့်ပါလားအစ်ကိုကြီး အဲဒီလိုနေရင် သက်သာတယ်တဲ့"

ဘေးခုတင်မှ လူနာစောင့်လူငယ်လေးက သူ့ကို ကူညီသည်။ သူစောင့်နေသောလူနာက သူ၏ဖခင်ဖြစ်သည်။ အလွန်ကူးစက်လွယ်သော ကူးစက်မြန်သော ရောဂါကို မကြောက်မရွံ့ ထပ်ကြပ်လိုက်လာသူများသည် သွေးသားရင်းချာများသာဖြစ်သည်။ အပြင်လူနာစောင့်ဌာနမှဝန်ထမ်းတော့ ခေါင်ခိုက်နေသည်။ ငွေကြေးတတ်နိုင်၍ ထိုခေါင်ခိုက်နေသော ဌာနမှဝန်ထမ်းကိုပေးမည်ဟုဆိုလျှင်ပင် လူရဖို့ကမလွယ်၊ သူများအသက်အတွက် ကိုယ့်အသက်ကိုရင်းပြီး စောင့်ရမည်မို့ လုပ်နေကျသူများပင် နောက်ဆုတ်ပြေးနေကြသည်။

သူဆေးရုံရောက်လာတော့ အစောင့်တစ်ဦးမျှပါမလာခဲ့ချေ။ လူနာစောင့်တစ်ဦးရှိနေမှ အဆင်ပြေမည်ဖြစ်၍ အစောင့်တစ်ဦး အမြန်ရှာရန်ပြောသည်။ သူကလည်း ခေါင်းညိတ်လိုက်သည်။ မိန်းမဆီ ဖုန်းဆက်တော့ "သိပ်တော့မလွယ်ဘူး၊ ရှာကြည့်မယ်လေ"ဟုပြောသည်။ သို့သော်လည်း ကြိုးကြိုးစားစားရှာလိမ့်မည်မဟုတ်သည်ကို သူ၏အတွင်းစိတ်ထဲကနေပြီး သိနေပါသည်။

"ရခဲ့ပြီ . . . ရခဲ့ပြီ"

အောက်ဆီဂျင်အိုးတစ်လုံး သယ်လာသူ ဝန်ထမ်းနှစ်ဦးက အခန်းအစွန်မှလူနာဆီသို့ ခပ်သွက်သွက်သွားရင်း ပါးစပ်ကလည်း လှမ်းအော်ပြောသွားသည်။ သူကတော့ ထိုသူနှစ်ဦးကို ခံစားချက်မဲ့သော မျက်လုံးများနှင့် ငေးကြည့်နေမိသည်။

"အစ်ကိုအိမ်က လာမှာလား"

လူနာစောင့်လေးကမေးတော့ သူက မသိမသာ ခေါင်းခါမိသည်။ သို့သော်လည်း ကောင်းနိုးရာရာ စားဖွယ်များကို မိန်းမကများ လာပို့လေမလားဟု မျှော်လင့်နေမိပြန်သည်။

"အစားဝင်အောင်စားပါကွယ်"ဟု ချော့မော့ကျွေးမည့်သူရှိလျှင်တော့ ဆန်ပြုတ်လေး တစ်ဖွန်း၊ နှစ်ဖွန်းလောက် စားဝင်မည်လားမသိရ၊ ချစ်ခြင်းမေတ္တာကို တမ်းတစိတ်နှင့် ရင်ထဲတွင် လစ်ဟာနေသည်။ သူ့ကို မည်သူကမျှ မချစ်ခင်ကြဘူးထင်သည်။

သူက အလွန်ယုံစားချစ်မြတ်နိုးခဲ့သော သူ့ကိုလည်း "အသက်ထက်ပင် ပို၍ချစ်ပါသည်"ဟု တဖွဖွပြောခဲ့သော သူ့မိန်းမ၏ရင်ထဲတွင်ပင် မေတ္တာတရား အနည်းအပါး ကျန်မှကျန်ကောင်းပါလေစ။

သူလည်ချောင်းတွေနာလာပြီ။ ဆားရည်နှင့် ပလုတ်ကျင်းနေစဉ်ကတည်းက မျက်စိမျက်နှာပျက်နေသော သူ့မိန်းမသည် ချောင်းတွေဆိုးလာတော့ "ဒုက္ခပါပဲ၊ ဒုက္ခပါပဲ"ဟု အဆက်မပြတ်ရေရွတ်နေလေသည်။ သူနားသို့လည်းမလာတော့ဘဲ ခပ်ခွာခွာနေရင်း နှာခေါင်းစည်းကိုပင် နှစ်ထပ်တပ်ထားလေသည်။

"ဆေးရုံမှာလဲ လူတွေလျှံနေတာပဲတဲ့၊ ကိုယ့်အိမ်က ကိုယ့်အခန်းထဲမှာ သီးသန့်နေတာက ပိုပြီးသက်သာသာရှိမယ်ထင်တယ်။ အရေးကြီးတာက အားမပြတ်ဖို့ပဲ၊ အစားကို ဝင်အောင်စား စားချင်ချင် မစားချင်ချင် ကြိတ်မှိတ်ပြီးမျိုချ၊ ရောဂါပိုးက အကြောကြီးမနေဘူး။ အချိန်တန်ရင် ထွက်မှာ၊ ဒီကြားထဲမှာ တောင့်ပြီးခံနိုင်ဖို့ပဲ၊ လိုအပ်တဲ့ဆေးတွေနဲ့ အောက်ဆီဂျင်ဘူးကိုတော့ အသင့်ဆောင်ထားပေါ့"

နားလည်သူတချို့ပြောသည်။ ကိုဗစ်ပထမလှိုင်းနှင့် ဒုတိယလှိုင်းတုန်းက အနေအထိုင် စည်းကမ်းရှိခဲ့ကြသော်လည်း တတိယလှိုင်းတွင်တော့ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းလုံးတွင်ပင် မနိုင်မနင်းဖြစ်လာသည်။ ဆေးရုံတွေကလည်း လာမခေါ်နိုင်၊ လက်မခံနိုင်၊ ကိုယ့်အိမ်တွင် ကိုယ့်တံခါးပိတ်နေရင်း ပြန်ကောင်းသူကလည်း ကောင်း ဆုံးပါးသွားသူလည်းသွားနှင့် ဝရုန်းသုန်းကားဖြစ်နေသည်။ သူ့ကို အိမ်မှာပင်ထားပြီး မိန်းမက ပြုစုလေမလားဟု မျှော်လင့်ချက်သေးသေးလေး ထားမိသော်လည်း မိန်းမက တယ်လီဖုန်းတတီတီနှိပ်ရင်း ဆေးရုံပို့ရန်သာ အသည်းအသန် ကြိုးစားလေတော့သည်။ နောက်ဆုံးတော့ အမောဖောက်လာ၍ သူ ဆေးရုံရောက်ခဲ့ရသည်။

"အ...မေ"

သူက အမေ့ကို တမ်းတမိပြန်သည်။

အမေသည် အလွန်တော်သောအမျိုးသမီးတစ်ဦးဖြစ်သည်။ သူ သုံးနှစ်သားအရွယ်တွင် အဖေဆုံးသွားတော့ ကျန်ခဲ့သောလက်ရင်းစက်ရုံနှင့် ကုမ္ပဏီကို အသက်ငယ်ငယ်နှင့် ဆက်လက်ပြီး ဦးစီးအုပ်ချုပ်နိုင်ခဲ့သည်။ တစ်ဦးတည်းသော သူ့ကိုလည်း လိုလေသေးမရှိ စောင့်ရှောက်ပေးခဲ့သည်။ အမေ့အရိပ်တွင် အမေ့ကိုချစ်လွန်း၊ အားကိုးလွန်းသော ခပ်ပျော့ပျော့သားလိမ္မာလေးအဖြစ် သူကြီးပြင်းခဲ့သည်။

သူ အရွယ်ရောက်၍ မိန်းကလေးများကို စိတ်ဝင်စားလာတတ်တော့ "ဘယ်သူ့ကိုမှ ခြေလွန်လက်လွန်မဖြစ်စေနဲ့"ဟူသောစကားကို အလေးအနက်ပြောခဲ့သည်။ သို့သော် အမေ့စကားကို သူ နားမထောင်နိုင်ခဲ့ပေ။ မိန်းကလေးတစ်ဦးကို လွန်ကျူးခဲ့မိသည်။ ထို့နောက် အရူးအမူးလည်း စွဲလန်းသွားမိသည်။ မိန်းကလေးက သူ့တွင် ကိုယ်ဝန်ရှိနေပြီဟု ပြောတော့မှ အမေ့ကို ဖွင့်ပြောဖြစ်သည်။

သူ၏မျက်နှာကိုပင် အညိုမခံရအောင် အစစအရာရာဂရုစိုက်၊ အလိုလိုက်ခဲ့သောအမေက ဆိုးသည်ကောင်းသည်၊ ဘာမှမပြောဘဲ "အမေစဉ်းစားမယ်လေ"ဟုပြောသည်။ ၁၀ ရက်ခန့်နေတော့ "သဘောမတူဘူး"ဟု ပြတ်ပြတ်သားသားပြောသည်။

"ဘာဖြစ်လို့လဲအမေ၊ သူ့မှာ ဘာအပြစ်ရှိလို့လဲ၊ သူ့ကိုတောင် မမြင်ဖူးသေးဘဲနဲ့ ဘာလို့သဘောမတူရတာလဲ"

သူက ထူထူပူပူ မေးမိသည်။ သူ့ကို အလွန်ချစ်ပြီး အစစအရာရာ အလိုဖြည့်ခဲ့သော အမေသည် အိမ်ထောင်ရေးတွင်လည်း လိုက်လျောလိမ့်မည်ဟု ထင်ခဲ့သည်။ အမှားကြီး မှားတော့သည်။

"ဘာဖြစ်လို့လဲဆိုတော့ သူ့မှာရှိနေတယ်ဆိုတဲ့ ကိုယ်ဝန်ဟာ သားရဲ့ကိုယ်ဝန်ပါလို့ မယုံကြည်လို့ဘဲ"

"အမေ...ဘာလို့ ဒီလိုပြောတာလဲ"

"သူ့အကြောင်း အကုန်စုံစမ်းထားလို့ပေါ့သားရယ်"

အမေက ဓာတ်ပုံတချို့ထုတ်ပြသည်။ သူကြည့်ပင်မကြည့်ဘဲ တွန်းထုတ်လိုက်သည်။ နည်းပညာတွေ ဒီလောက်တိုးတက်နေသောခေတ်ကြီးတွင် အတတ်ပညာနှင့် ဖန်တီးလို့ရတာတွေ ရှိနေတာပဲ။ သူဘာလို့ ယုံရမှာလဲ။

ထို့နောက်တွင်တော့ အမေနှင့် စကားတွေများကြသည်။ အမေက သူ့ကို နွားကျလှချေရဲ့ဟု ဒေါသတွေငယ်ထိပ်တက်နေသလို သူကလည်း သားသမီးချင်း မစာနာလိုက်တဲ့အမေဟု ပြန်လှန်အော်ဟစ်ခဲ့သည်။ သူ၏ချစ်သူဘက်မှ သူများမားမတ်မတ် ရပ်တည်ခဲ့သည်။

"အစ်ကို ... အစ်ကို ဖုန်းလာနေတယ်"

သူ၏လက်ကိုင်ဖုန်း မြည်နေသည်ကို ဘေးခုတင်မှ လူနာစောင့်လေးက သတိပေးသည်။ သူဘာလို့ မကြားတာပါလိမ့်။

ဖုန်းဆက်သည်မှာ သူ၏ဦးလေးဖြစ်သည်။ ဦးလေးက ဘာမှရှည်ရှည်ဝေးဝေးပြောမနေဘဲ "ဘယ်ဆေးရုံမှာလဲ"ဟု တိုတိုတုတ်တုတ်မေးသည်။

ဆက်လက်ဖော်ပြပါမည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (**www.myawady.net.mm/nurse(male)**)တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၁၀-၂၀၂၆ ရက်နေ့မှစ၍ ၃၀-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျဉ်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်ဆေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၉-၁၂-၂၀၂၆ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်ဆေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၆-၁၂-၂၀၂၆ ရက်နေ့မှ ၂၃-၁၂-၂၀၂၆ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲခန်းနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical Imaging Technology)

(စ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာ) B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ) (ဒုတိယတန်း)အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (**www.myawady.net.mm/nurse(female)**)တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၁၀-၂၀၂၆ ရက်နေ့မှစ၍ ၃၀-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျဉ်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၉-၁၂-၂၀၂၆ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၆-၁၂-၂၀၂၆ ရက်နေ့မှ ၂၃-၁၂-၂၀၂၆ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical Imaging Technology)

(စ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာ) B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ) (ဒုတိယတန်း)အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။



ဗိုလ်ကြီး အေးကို(ငြိမ်း) OTS (၈၅)
ကြည်း ၂၄၂၂ အသက် (၆၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ သဖန်းကျေးရွာ၊
သူဌေးကုန်းရပ်ကွက်နေ (ဦးတင်မောင် + ဒေါ်သန်းရီ)တို့၏သား၊
ပျော်ဘွယ်မြို့နယ်၊ ရန်အောင်မြို့၊ ကန်တော်လေးရပ်ကွက်နေ
(ဦးဖေခင်) + ဒေါ်နှင်းအေးတို့၏ သားသမက်၊ ဒေါ်ဥဥခိုင်၏ ခင်ပွန်း၊ မရတနာကို၊
မမေမြတ်နိုးကို၊ မဖူးပွင့်ကို၊ မောင်ဘုန်းသူရကိုတို့၏ ကျေးဇူးရှင်ဖခင်ကြီး

ဗိုလ်ကြီးအေးကို(ငြိမ်း)၊
အသက် (၆၇)နှစ်

သည် ၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၉)ရက်၊ ၁၈-၁၁-၂၀၂၆ ရက်နေ့၊ ဗုဒ္ဓဟူးနေ့ နံနက် (၈:၃၀)နာရီအချိန်တွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၀-၁၁-၂၀၂၆ ရက်နေ့ ညနေ (၃)နာရီအချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ရန်အောင်မြို့ရှိ သုသာန်တွင် သင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ နန္ဒဝန်တိုက်နယ်ချင်းစုရပ်ကွက်၊ နယ်မြေ(၃)နေ (ဘ) ဦးတင်မင်းဝေ(၅/စကန(နိုင်)၁၉၈၄၈၉) (မိခင်) မသဲသဲ(၉/အမရ(နိုင်)၁၅၀၂၀၈)တို့၏သား စစ်ကိုင်းမြို့၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ချင်းစု၊ Grade-3 တွင် ပညာသင်ကြားနေသော မောင်အသခ်ယာ၏အမည်မှန်မှာ **မောင်အသခ်ယာမင်းဝေ** ဖြစ်ပါကြောင်း။ **မောင်အသခ်ယာမင်းဝေ**

သင့်သွေးဖြင့်
အသက်ကယ်ပါ

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရှေတိုက်ကိုစိုး

ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာအုပ်စု ဒေါ်သီတာလှိုင် ပုံစံ(၇) အမည်ပေါက်မြေကွက်၊ ကွင်းအမှတ်(၆၅၄)၊ ဦးပိုင်အမှတ်(၇/၂-က) ဧရိယာ(၁.၅၀)ဧကမှ ခွဲထွက်အကွက်(C-1/က), (C-1/ခ), (C-1/ဂ) မြေကွက် (၃) ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံး အရှေ့လားသော် ပေ ၂၀ လမ်း၊ နောက်လားသော်-စမ်းချောင်း၊ မြောက်လားသော် ပေ ၂၀ လမ်း၊ တောင်လားသော် (C-1/ဂ) မြေကျန် အကွက် ၃ ကွက်အား ဦးတင်မင်းစိုး(၅/မကန(နိုင်)၀၆၉၈၁၄) မန္တလေးမြို့၊ နန်းဦးလွင်ရပ်နေသူထံမှ မသက်နှင်းယု(၉/ခအဇ(နိုင်)၀၀၂၅၆၉)မှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားပြီး ပြန်လည်ရောင်းချမည်ဖြစ်သောကြောင့် ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သက်နှင်းယု(၉/ခအဇ(နိုင်)၀၀၂၅၆၉)
09-770123032

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ၃၄ ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (34th ASEAN Armies Rifle Meet-34th AARM) ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း 34th AARM သေနတ်ပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော်ကိုယ်စားပြု သေနတ်ပစ်အသင်းကို ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၈

မလေးရှားနိုင်ငံ၌ ကျင်းပသည့် ၃၄ ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (34th ASEAN Armies Rifle Meet-34th AARM) ပိတ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ မလက္ကာမြို့ရှိ Terendak(တီရန်ဒတ်) လေ့ကျင့်ရေးစခန်း၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့သည် အခမ်းအနားကျင်းပသည့်နေရာသို့ရောက်ရှိခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၊ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ပစ်ခတ်သည့် Novelty Shoot ပစ်ခတ်စဉ်တွင် ပါဝင်ပစ်ခတ်၍ စာမျက်နှာ ၂၂ ကော်လံ ၁☆

ရတနာပုံ ယနေ့ဗဟိုစာရာ

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် စစ်ဆင်ရေးတာဝန်များ သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို စာမျက်နှာ - ၂၄

ရှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၂ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ကျန် အဆောက်အအုံများကို စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများ ဆက်လက် ဆောင်ရွက် စာမျက်နှာ - ၂၇

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့မှ အဖွဲ့ဝင် ၁၉၅ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံ



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးကို ဆုကြေးငွေပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၈

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင် လျက်ရှိသည့် အဖွဲ့အစည်းများ အတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေ ဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက် လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ စာမျက်နှာ ၂၅ ကော်လံ ၁◆

အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်ရန် တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် တရုတ်နိုင်ငံသားများကို လဲချားမြို့နယ် ဝမ်ဆန့်ကျွဲရွာအနီး၌ လက်နက်၊ ခဲယမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၈

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစား မှုကျူးလွန်ခြင်းများ ပပျောက်စေ ရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေ ချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစား မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ် များကို စာမျက်နှာ ၂၇ ကော်လံ ၁■

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ဝမ်ဆန့်ကျွဲရွာ အနီး အွန်လိုင်းလိမ်လည်လောင်း ကစားမှုကျူးလွန်ရန် တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်ခဲ့ သည့် တရုတ်နိုင်ငံသား ၂၃ ဦးကို လုပ်ငန်းသုံး ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် မှတ်တမ်း ဓာတ်ပုံ။





၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ တတိယနေရာလုပွဲစဉ်များ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၈

အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယ ပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ စာမျက်နှာ ၂၆ ကော်လံ ၁❖



မထက်ထက်အောင်နှင့် မနှင်းနုနုလှိုင်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြား ၃၃ ဒသမ ၅ သိန်းနှင့်အတူ တွေ့ရစဉ်။

ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ငါးဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွဆေးပြား ၃၃ သိန်းကျော် ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၈

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင် သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁ ရက်တွင် သာစည်မြို့နယ် ကျွဲတပ် ဆုံကျေးရွာအနီး၌ တရားခံနှစ်ဦးထံမှ စာမျက်နှာ ၂၆ ကော်လံ ၁✱